ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ သောကြာနေ့ (15-8-2008) (၅၇၇၃)

ပူဇာစ ပူဇနေယျာနံ တေံ မင်္ဂလ မုတ္တမံ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ရာဇမဏိစူဠာ ကောင်းမှုတော်ကြီး မြောက်ဘက်စောင်းတန်း ကောင်းမှုတော် စိုက်ကွက်အမှတ်(၂)၌ ဘုရားပရိဝုဏ် စိမ်းလန်းစိုပြည်ရေးအတွက် ကျင်းပသည့် ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဒေသ၏အခြေအနေ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်တို့ကို စဉ်ဆက်မပြတ်လေ့လာ ပြည်သူ့စွမ်းအားရယူကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် လက်တွဲကြိုးပမ်း

နေပြည်တော် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၀ ရက် နံနက် ၆ နာရီခွဲတွင် ရွှေဘိုတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့က ရုပ်မြင်သံကြားပြစက်များကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ရွှေဘိုမြို့ရှိ ရန်ကြီးအောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံကာ ဆေးဝါးပစ္စည်းများ၊ စာရေးကိရိယာများ၊ အားကစားပစ္စည်းများ၊ အဝတ်အထည်များ၊ စောင်များ၊ အိုးခွက်ပန်းကန်များကို ထောက်ပံ့ပေးအပ်ပြီး တိုင်းမှူးက လူမှုရေး အသင်းအဖွဲ့များအတွက် ဝတ်စုံကြေး ထောက်ပံ့ငွေကျပ်သုံးသိန်းကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်က ရွှေဘိုခရိုင်အနေဖြင့် ဒေသဝမ်းစာ ဖူလုံပိုလျှံမှုရှိသည့်အတွက် အခြားဒေသများပါ အထောက်အကူဖြစ်စေရန် ရည်မှန်းချက်ထား၍ ဒေသတွင်းရှိ ဆည်၊ တမံများကို အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြရန်၊ ဝါကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားရန် လိုအပ်သကဲ့သို့ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင်နှင့် ခြံစည်းရိုးကြက်ဆူကိုလည်း ဆောင်ရွက်သွားရန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဒေသ၏အခြေအနေ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်တို့ကို စဉ်ဆက်မပြတ်လေ့လာပြီး ပြည်သူ့စွမ်းအားရယူကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ရွှေဘိုမြို့ရှိ မဟာနန္ဒာကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မုံရွာစက်မှုဇုန်ခွဲ(ရွှေဘို)ရှိ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အေးရိပ် ပန်းချီပြပွဲ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၏ **"ဖန်တီးသူနှင့် ကြည့်ရှုသူ တူညီသော ခံစားမှုကိုပေးသော ပန်းချီပြပွဲ"**

(သတင်းဆောင်းပါး) စာမျက်နှာ-၄

ကြေးမုံ ယနေ့ဆောင်းပါးအညွှန်း

ဒေါက်တာအောင်ထွဏ်း
စီမံချက်မန်နေဂျာ
(ကျောင်းကျန်းမာရေး)၏

"ကျောင်းသား ကျောင်းသူ ကျန်းမာဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့"

(ဆောင်းပါး)

စာမျက်နှာ-၆၊၇

ကြေးမုံ The Mirror

၁၅-၈-၂၀၀၈
(သောကြာနေ့)

ကျန်းမာရေးအတွက် သဘာဝနေရောင်ခြည် စွမ်းအင်ရယူ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ ပုံမှန်စားသုံး

ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားရေးကို အထောက်အကူပြုသည်။

လူတိုင်း လူတိုင်း အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေး အလေးထားကြရမည် ဖြစ်သည်။

လူများအသက်ရှင်နေစဉ်ကာလအတွင်း အသက်ရှူခြင်း၊ အစာချေခြင်း၊ နှလုံးခုန်ခြင်း၊ အညစ်အကြေးစွန့်ခြင်းစသည့် ဇီဝကမ္မဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိသည်။ လူနှင့်သတ္တဝါများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ခန္ဓာကိုယ်အတွင်းရှိ ကလာပ်စည်းများ ပုံမှန်လုပ်ဆောင်ရန် ဗီတာမင်များ လိုအပ်သည်။

ဗီတာမင်ဒီသည် အရိုးနှင့်အဆစ်များ သန်စွမ်းရေးတွင် အရေးပါသည်။ ဗီတာမင်ဒီသည် ခန္ဓာကိုယ်ထဲတွင် ဟော်မုန်းအသွင်ပြောင်းလဲ၍ ပုံမှန်ဆဲလ်များ၏ ကြီးထွားမှုကို ထိန်းသိမ်းပေးပြီး ပုံမှန်မဟုတ်သော ဆဲလ်များ ပွားများခြင်းကို တားဆီးပေးသဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကိုလည်း တားဆီးပေးသည်။

ထို့အပြင် ဗီတာမင်ဒီ လုံလောက်စွာ ရရှိခြင်းဖြင့် နှလုံးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့်သွေးဖုံးရောဂါ ဖြစ်ပွားခြင်းတို့ကိုပါ ကာကွယ်တားဆီးပေးကြောင်း သိရသည်။ ထို့ကြောင့် ကိုယ်ခန္ဓာအတွက် လုံလောက်သော ဗီတာမင်ဒီရရှိစေရန် နံနက်ပိုင်း၌ ၁၅ မိနစ်ခန့် နေပူဆာလှုံသင့်သည်။

သဘာဝအစားအစာများမှ ရရှိသော ဗီတာမင်များ၊ သတ္တုဓာတ်များသည် ဓာတ်တိုးကာကွယ်နိုင်သော အာနိသင်အပြည့်အဝပေးနိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးများလည်း မရှိပေ။ ရှောက်သီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ဆီးဖြူသီးစသည်တို့သည် ဗီတာမင်စီဓာတ်ပါဝင်ပြီး ပဲအမျိုးမျိုး၊ ပြောင်းဖူး၊ ဂျုံ၊ ဆန်လုံးညိုတို့သည် ဗီတာမင်ဘီ ကြွယ်ဝသည်။ ထို့အတူ နွားနို့၊ ကြက်ဥ၊ အသားငါး၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ မြေပဲဆီ၊ နေကြာဆီနှင့်ဟင်းသီးဟင်းရွက်ဆီများသည်လည်း ဗီတာမင်အီးကြွယ်ဝကြောင်း သိရသည်။

သို့ဖြစ်ရာ လူတိုင်း လူတိုင်း ကိုယ်ခံစွမ်းအားကောင်းမွန်ပြီး အရိုးအဆစ်များ သန်စွမ်းစေရေးအတွက် သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် သဘာဝအစားအစာမျိုးစုံကို မျှမျှတတ စားသုံးခြင်း၊ နံနက်ခင်းလေကိုရှူရှိုက်ရင်း နေရောင်ခြည်အောက်တွင် လမ်းလျှောက်ခြင်းတို့ဖြင့် လိုအပ်သည့် ဗီတာမင်များပြည့်ဝစွာရရှိကာ ပိုမိုရွှင်လန်းကျန်းမာခြင်းသုခနှင့်ပြည့်စုံကြမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန် တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက် ၂၄လမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်သိန်းအေးအား ရည်စူး၍ သမီး ဒေါ်ခင်ဝင်းမြင့် မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချို့နှင့် ဦးဟံညွန့်တို့ လက်ခံယူစဉ်။

(ကြေးမုံ)

ချောက်စက်မှုလက်မှု သိပ္ပံကျောင်းဆင်း အင်ဂျင်နီယာမိသားစုများ၏ အကြိမ် (၂၀) မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆရာကန်တော့ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ဗဟန်း(၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာယရ ဓမ္မဗိမာန်တော်၌ ကျင်းပရာ အင်းစိန်မြို့နယ် မဟာစည် ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာဆရာတော် မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍက အမှူးပြုသော သံဃာတော်များထံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(ကြေးမုံ)

ပြည်သူ့ သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လပွတ္တာမြို့တွင် တက္ကသိုလ်ဝင်တန်းသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား တစ်နှစ်တာပညာသင်စရိတ် ဂုဏ်ပြုထောက်ပံ့ခြင်း အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၀ ရက် ညနေ ၃ နာရီတွင် ဧရာဝတီတိုင်း လပွတ္တာမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ လေဘေးဒဏ်ခံရသော လပွတ္တာမြို့နယ် ကျေးရွာများမှ လပွတ္တာမြို့တွင် တက္ကသိုလ်ဝင်တန်းသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအတွက် တစ်နှစ်တာ နေထိုင်စားသောက်ရေး၊ ပညာသင်ကြားရေးတို့အတွက် အားပေးထောက်ပံ့ခြင်းနှင့် လပွတ္တာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော လပွတ္တာမြို့မှ မအေးသန္တာထွန်းအား တက္ကသိုလ်ဆက်လက် တက်ရောက်နိုင်ရေးအတွက် တစ်နှစ်စာ ပညာသင်စရိတ် ဂုဏ်ပြုထောက်ပံ့ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လေမုန်တိုင်းဒဏ်ခံရသော ဒေသများတွင်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မုန်တိုင်းဒဏ်ခံရသည့် ကျေးရွာများရှိ ပြည်သူများသည် မိမိတို့ဒေသအား ချစ်ခင်မြတ်နိုးသည့် စိတ်ဓာတ်ရှိကြသူများဖြစ်ကြသည့်အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် စေတနာရှင်များ၏ အားပေးကူညီမှုဖြင့် မိမိတို့၏ နေထိုင်ရာ ကျေးရွာများအလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်နေကြသည်မှာလည်း လေးစားဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့်လည်း မိမိတို့ ပညာရည်မြင့်မားရေး အလေးထားသင်ယူနိုင်ရေးအတွက် ကြိုးပမ်းနေခြင်းသည်လည်း ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားသော လူငယ်များကသာ မိမိတို့၏ နယ်မြေအကျိုးအတွက် ပိုမိုသယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခံစားခဲ့ကြသော်လည်း ခိုင်မာသည့် စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအပေါ် ဂုဏ်ပြုသောအားဖြင့် အသင်းကြီးက အားပေးထောက်ပံ့မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူးက လပွတ္တာမြို့နယ် လေဘေးသင့်ကျေးရွာများမှ လပွတ္တာမြို့သို့ လာရောက်၍ တက္ကသိုလ်ဝင်တန်း သင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးအတွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တစ်နှစ်တာအတွက် အသုံးပြုရန် ဂုဏ်ပြုငွေကျပ် ၁၈၆ သိန်းကို လပွတ္တာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှိုင်ဦးထံပေးအပ်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာရှင်များ ပူးပေါင်း၍ တစ်နှစ်တာ ပညာသင်စရိတ်အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀သိန်းကို လပွတ္တာမြို့မှ ငါးဘာသာဂုဏ်ထူးရှင် မအေးသန္တာထွန်းအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လပွတ္တာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ချီးမြှင့်သည့် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို တာဝန်ရှိသူများနှင့် အမှုဆောင်များက ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံသည်။

မှာကြား

ထို့နောက် အထွေထွေအတွင်းရေးမှူးက ကျောင်းသား၊ ကျောင်းသူများအား တော်အောင်၊ တတ်အောင် လေ့လာမှတ်သား၍ မှန်ကန်သော အသိဖြင့် မိမိတို့ နယ်မြေအကျိုးအတွက် သယ်ပိုးနိုင်ရေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာရှင်များ ပူးပေါင်း၍ တစ်နှစ်တာ ပညာသင်စရိတ်အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို လပွတ္တာမြို့မှ ငါးဘာသာဂုဏ်ထူးရှင် မအေးသန္တာထွန်းအား ပေးအပ်ချီးမြှင့်စဉ်။ (လယ်/ဆည်)

ရွှေသန်လျင်ဆရာတော် ဝါတွင်းဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၁၄

သန်လျင်မြို့နယ် လဟာရက်ကျောင်းတိုက်၏ ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ-ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိကရွှေသန်လျင်ဆရာတော် အရှင်မေဃိယသည် ဩဂုတ်၂၄ ရက် မွန်းလွဲပိုင်းတွင်ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ဓမ္မာရုံတရားပွဲ၊ ဩဂုတ် ၂၅ရက်မှစက်တင်ဘာ ၃ရက်အထိ လဟာရက်ရွာ တရားစခန်းပွဲ၊ စက်တင်ဘာ ၄ ရက်မှ ၁၃ ရက်ထိ ဥယျာဉ်ရွာ မဟာစည်တရားစခန်းပွဲ၊ စက်တင်ဘာ ၁၅ရက်မှ ၂၉ရက်အထိ ပုဂံတောင်အုဋ္ဌိုဖိုလ်တရားစခန်းပွဲနှင့် လှည်းကူးမြို့နယ် မာရ်အောင်စည် သာသနာ့ရိပ်သာတို့၌ဝိပဿနာတရားများကို ဟောကြားမည်ဖြစ်သည်။ ရပ်နီး၊ရပ်ဝေးမှ အလှူရှင်များသည် ဆရာတော် ဖုန်း-၀၉၅၁-၈၅၀၀၄၊ သန်လျင် ဖုန်း-၀၅၆-၂၁၄၀၅၊ ၀၉၅၀-၆၆၈၃၆၊ပုဇွန်တောင် ရဟန်းဒါယကာ ဖုန်း-၀၁-၂၉၃၅၁၆နှင့် ရန်ကုန်မြေနီကုန်း မစိုးရိမ်စာသင်တိုက် ဖုန်း-၀၁-၅၃၇၉၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၅၂၇)

သက်ရှိလောက တည်မြဲဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

ဝန်ကြီး ပိုလ်မှူးကြီးသိန်းညွန့် ရှောက်ချောင်းကျေးရွာအုပ်စု၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု ငွေစင်ရော်ကျေးရွာရှိ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီ၏ ငွေစင်ရော်ကျေးရွာ လူနေအိမ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ နိုင်ငံတော်မှ စက်တပ်ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များ ထောက်ပံ့ပေးခဲ့သော ရှောက်ချောင်းကျေးရွာအုပ်စု ငွေစင်ရော်ကျေးရွာမှ ရေလုပ်သား၂၁ ဦးနှင့် တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးသည် အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသော ငွေစင်ရော်ကျေးရွာလူနေအိမ် အလုံး ၁၅၀ တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဆောက်လုပ်ပြီးစီးသော လူနေအိမ်အလုံး ၉၀ ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများ ဆောက်လုပ်မည့်နေရာများကိုရွေးချယ်သတ်မှတ်ပေးသည်။

ဆက်လက်၍ဝန်ကြီးက ဆောက်လုပ်ပြီးစီးပြီဖြစ်သည့် လူနေအိမ်ရာများတွင် ပြောင်းရွှေ့နေထိုင်မည့် ငွေစင်ရော်ကျေးရွာမှ လေဘေးသင့်ပြည်သူများအတွက် ဆီ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ၊ လူသုံးပစ္စည်းများ၊ ငါးသေတ္တာဘူးများ၊ ဓာတ်ဆားထုပ်များအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ဝန်ကြီးသည် ညနေ ၃ နာရီတွင် မော်လမြိုင်ကျွန်းမြို့ အမှတ်(၁)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲတွင် ဂုဏ်ထူးရကျောင်းသူ တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။ (နယ်စပ်/စည်ပင်)

အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ကျင်းပသည့် မော်လမြိုင်ကျွန်းမြို့နယ်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ငါးဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ယင်းနောက် သုံးဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်၆၁ ဦးတို့အား တာဝန်ရှိသူတို့က ချီးမြှင့်ငွေများပေးအပ်သည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ငါးဘာသာဂုဏ်ထူး တစ်ဦး၊ လေးဘာသာဂုဏ်ထူး နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးငါးဦး၊ နှစ်ဘာသာဂုဏ်ထူးခြောက်ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၆၁ ဦးဖြင့် အောင်မြင်ခဲ့ကြပြီး ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၅၀၀၀၀၊ မော်လမြိုင်ကျွန်းမြို့နယ် သစ်လုပ်ငန်းရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်၇၅၀၀၀၀ စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၅၀၀၀၀၀ ချီးမြှင့်ခဲ့သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဘီးတပ်ကုလားထိုင်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၄

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)အုပ်ချုပ်ရေးအဖွဲ့မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဘီးတပ်ကုလားထိုင် ငါးစီး လှူဒါန်းရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာအောင်ကြည်ဆွေနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်သက်ဇော်တို့က လက်ခံရယူပြီး **(ယာပုံ)**ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပြည်တွင်း၊ ပြည်ပ အလှူရှင်များက ဘီးတပ်ကုလားထိုင်များ လာရောက်လှူဒါန်းကြရာ ဆေးရုံတွင် အသုံးပြုသည့်အပြင် အသုံးပြုရန် လိုအပ်လျက်ရှိသော ဆေးရုံများ၊ ဘိုးဘွားရိပ်သာများသို့ ပြန်လည်လှူဒါန်းလျက်ရှိသည်။

ယနေ့အထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဘီးတပ်ကုလားထိုင် ၁၅ စီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံသို့ ခုနစ်စီး၊ ရန်ကုန် အထွေထွေရောဂါကု ဆေးရုံကြီးသို့ ငါးစီး၊ သယ်န်းကျွန်း စံပြဆေးရုံကြီးသို့ ငါးစီး၊ ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီးသို့ ငါးစီး၊ ဗဟန်းမြို့နယ် တိုင်းရင်းဆေးရုံကြီးသို့ ငါးစီးနှင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ၁၀ စီး၊ ကန်တော်ကလေး သီလရှင်များ ခရစ်ယာန် ဘိုးဘွားရိပ်သာသို့ ၁၀ စီး၊ ထားဝယ် သာသနာ့ရိပ်သာသို့တစ်စီး၊ ရခိုင်ဘုန်းတော်ကြီးသို့တစ်စီး၊ ဒေးဒရဲ ပြည်သူ့ဆေးရုံသို့ နှစ်စီး၊ ကွမ်းခြံကုန်း ပြည်သူ့ဆေးရုံသို့ တစ်စီး၊ ကော့မှူးတိုက်နယ် ဆေးရုံသို့ တစ်စီး စုစုပေါင်း ၆၈ စီးလှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ထို့နောက် ဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဝိဇယလမ်း တစ်ဖက် နှစ်ပေ တိုးချဲ့ခြင်းလုပ်ငန်း၊ ဗိုလ်ရန်ပြေလမ်း နှစ်ပေတိုးချဲ့ခြင်း၊ မြို့ပတ်လမ်းနှင့် ယမုံနာလမ်း သစ်သားတံတားနှစ်စင်း ပြုပြင်ပြီးစီးမှု၊ ပဒုမ္မာလမ်းမြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ ချမ်းမြေ့သာယာဈေး တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ချမ်းမြေ့သာယာရပ်ကွက်အဝင် ဗိုလ်ဥတ္တမလမ်း ကျောက်ချောခင်းမှု အခြေအနေများနှင့် မဟာဗန္ဓုလလမ်းမကြီး လမ်းလယ်ကျွန်း၌ အလှဆင်မီးတိုင်များ တပ်ဆင်မှု အခြေအနေများကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုံမြို့နယ် စောရန်ပိုင်(အနောက်)ရပ်ကွက် နွယ်နီလမ်း သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ (၆)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲတွင် ကျောင်းတိုက်ကြီး ၁၀ တိုက်မှ သံဃာတော်အပါး ၆၈၀ ကျော်တို့အား ဒုတိယအပတ်အဖြစ် ဇူလိုင် ၂၅ ရက်က ဆွမ်းဟင်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တရားစခန်း

ရန်ကုန် ဩဂုတ် ၁၄

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၂)ရပ်ကွက် မာဃလမ်းရှိ မာဃဓမ္မာရုံတော်ကြီး၌ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် အကြိမ်(၇၀)မြောက် ဝါတွင်းကာလ အထူးခုနစ်ရက်တရားစခန်းကို ဩဂုတ်၃၁ရက်မှ စက်တင်ဘာ၆ရက်အထိကျင်းပမည်ဖြစ်သည်။ မူလအဖွဲ့ချုပ်၏ အာဒိကမ္မိက၊ ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီး ဦးကြည်၏ဥပနိဿယမူအတိုင်းဓမ္မာနုပဿနာသတိပဋ္ဌာန်တရားကိုဆရာကြီး၏ တပည့်ရင်းများဖြစ်ကြသော ဓမ္မကထိက ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေ(ရန်ကုန်)တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ ဒု-ဥက္ကဋ္ဌ ဦးညွန့်လှိုင် ဖုန်း-၅၄၆၈၃၈၊ ဓမ္မကထိက ဦးခင်မောင်ရီ ဖုန်း-၂၇၁၇၄၅၊ ဓမ္မကထိက ဦးသိန်းဆွေ (ရန်ကုန်)ဖုန်း- ၀၉၅၀၆၃၁၈၄ တို့သို့ ဆက်သွယ်နိုင်ပြီး ဩဂုတ် ၂၀ ရက် ညနေ၆နာရီအရောက် လာကြရမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

စာကြည့်တိုက်ပညာသင်တန်း ပန်းဘဲတန်းမြို့နယ်၌ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၄

ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် စာကြည့်တိုက်ပညာ သင်တန်းဖွင့်ပွဲကို ဩဂုတ် ၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး**(အောက်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြသန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေးများနှင့် စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။ (မြို့နယ်ပြန်/ဆက်)

ဖန်တီးသူနှင့်ကြည့်ရှုသူ တူညီသောခံစားမှုကိုပေးသော ပန်းချီပြပွဲ

အနုပညာသတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-သက်ထက်ကို (ဘော်ဂါမြေ)

ပန်းချီအနုပညာရပ်သည် ဖန်တီးရေးဆွဲသူနှင့် ကြည့်ရှုခံစားသူ ထိုသူနှစ်ဦး အနီးစပ်ဆုံးတူညီသော ခံစားမှုရသကို ပေးစွမ်းနိုင်ကြောင်း ယနေ့ ပန်းချီပြပွဲများ စဉ်ဆက်မပြတ်ပြသနေခြင်းက သာဓကပြနေပေသည်။

ယခုလည်း အင်းစိန်မြို့နယ် ရိုးရာပန်းပညာရှင်များ၏**"အေးရိပ်"** အမည်ရှိ (၁၁)ကြိမ်မြောက် ပန်းချီပြပွဲကို ဗိုလ်ချုပ်အောင်ဆန်းဈေး၊ အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ပြခန်း၌ ဩဂုတ်လ ၁၄ရက်နေ့မှ ၂၃ ရက်နေ့အထိ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတွင် ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်ဆေးများဖြင့် ခြယ်မှုန်းထားပြီး ပန်းချီဆရာ ၁၅ ဦးတို့၏ လက်ရာစုံ၊ ရသစုံ ပန်းချီကားပေါင်း ၉၀ကျော် ချိတ်ဆွဲပြသထားသည်။ ပြပွဲတာဝန်ခံပန်းချီဆရာ မောင်ကျော်ခေါင်က **"ကျွန်တော်တို့ ဒီပြပွဲမှာ မြန်မာ့ဓလေ့စရိုက်နဲ့မြန်မာ့အကြိုက် ပန်းချီကားတွေအများကြီးပြသထားပါတယ်။အနုပညာအပေါ် တန်ဖိုးထားပြီး စိတ်ရောကိုယ်ပါ နှစ်ပြီး ရေးဆွဲထားကြတာမို့ ပန်းချီကားတိုင်းသူ့ရသနဲ့သူရှိနေကြပါတယ်"** ဟု ပန်းချီကားများကို လိုက်လံပြသရင်း တက်ကြွစွာ ပြောကြားခဲ့သည်ကို ကြားခဲ့ရသည်။

ထိုအထဲမှ လူငယ်ပန်းချီဆရာ ဝင်းခိုင်၏**"ဆွမ်းခံတော်"**ဟု အမည်ပေးထားသော ရေဆေးပန်းချီကားလေးမှာ တစ်မျိုးတစ်ဖုံ အမြင်ဆန်းသစ်နေပေသည်။ မြင်နေကျလေ့မျိုး မဟုတ်ဘဲ ဝါးဖြင့်ပြုလုပ်ထားသော လှေသဏ္ဍာန် ဒေသသုံး ဝါးလှေပေါ်တွင် ဆွမ်းခံပြန်လာသော ကိုရင်လေးလေးပါး၊ ထို့နောက် လှေထိုးသူတို့၏ သရုပ်မှန်ကိုပေါ်လွင်အောင် ရေးဆွဲထားခြင်းဖြစ်သည်။ **"အေးရိပ်"** ဆိုသော ပြပွဲအမည်နှင့် လိုက်ဖက်စွာ ကြည့်သူ၏ နှလုံးသားထဲအထိ အေးမြမှု အရိပ်က ထင်ဟပ်နေသည့် ပန်းချီကားကောင်းတစ်ချပ်ပင် ဖြစ်ပေသည်။

ထို့အပြင်ပန်းချီဆရာ မောင်ကျော်ခေါင်၏**"ရှင်ပြုအလှူတော်မင်္ဂလာ"** ဟုအမည်ပေးထားသော ပန်းချီကားကြီးမှာလည်း လေးပေ × သုံးပေ အရွယ် အခရိုင်းလစ်ဆေးရောင်စုံ ပန်းချီကား ကြီးပင်ဖြစ်သည်။ ပုံတွင် သားလှရတနာအား ဆင်ပေါ်တွင် တင်၍ ရွှေထီးမိုးလျက် ဝင်းခင်းကာ ရှင်လောင်းလှည့်နေသော ပုံဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ရှေးရိုးအစဉ်အလာမပျက် ရှင်လောင်းလှည့်ပုံကို ဖော်ကျူးရေးဆွဲထားသည်မှာ မြင်သူတိုင်း စွဲမက်စေမည့် ပန်းချီကားတစ်ကားဟု ဆိုရမည်ပင်။

နောက်ပြပွဲတင် ပန်းချီကားများအနက် ပန်းချီဆရာ ကိုကိုအောင်၏ **"သီလရှင်"**ဆိုသော ရေဆေးပန်းချီကားမှာလည်း ရပ်ထဲ၊ ရွာထဲတွင် တွေ့မြင်နေကျ သီလရှင်လေးများ ဆွမ်းဆန် အလှူခံနေသောပုံ ဖြစ်သည်။ အနီမကျ၊ အဝါမကျ ပန်းနုရောင်လည်း မဆိုအပ်သော သီလရှင်လေးများ၏ ဝတ်ရုံကို အရောင်အသွေး မှန်စွာ ခြယ်မှုန်းထားသည့်အပြင် ဝတ်ရုံလေးများ၏ အတွန့်အလိပ်၊ နေရောင်ကြောင့် အရောင်သန်းနေသော ဗန်းပေါ်ရှိ ဆွမ်းဆန်တော်အိတ်၊ မြေပြင်တွင် ထင်ဟပ်သော အရိပ်က အစ အနုစိတ်ရေးဆွဲထားသည့် လက်ရာကောင်း ပန်းချီကားပင်ဖြစ်သည်။

သောင်းလင်း၏ လေးပေx သုံးပေ အရွယ် အခရိုင်းလစ်ဆေးဖြင့် ရေးဆွဲထားသော**"ရေစည်လှည်း"**ဟု ကင်ပွန်းတပ်ထားသော ပန်းချီကားမှာလည်း အညာဒေသ(ကျောက်ပန်းတောင်း)၏ နွားလှည်းပေါ် ရေစည်တင်၍ ရေတိုက်(ရေသယ်)နေသောပုံ ဖြစ်သည်။ သူ့အရပ်နှင့် သူ့ဓလေ့မြင်ကွင်းကို ဖော်ကျူးထားသော လက်ရာကောင်း ပန်းချီကားတစ်ချပ်ပင် ဖြစ်သည်။

ထို့နောက် မြလွင်(ခ) မြတင်၏ **"ရွာတံတား"**၊ မောင်မောင်တိုး၏ **"ငါးဖမ်းချိန်"**၊စံဆန်း၏ **"အေးရိပ်-၁"**၊ ဉာဏ်ကျယ်၏ **"စိန်ပန်း"**၊ အောင်ကျော်ဝေ၏**"အင်းလေးကန်"**၊ ဟန်တင်ရွှေ၏**"ညနေ"**၊ ထွန်းရွှေ၏ **"အင်းလေးမှာ"**၊ တြိဂံထွန်းနိုင်၏ **"ပွဲဈေးတန်း"**၊ စိုးလွင်ဦး၏ **"နွေ"**၊ ဇေဇေ၏ **"ပဋ္ဌဝဂ္ဂီ"**နှင့် နာဂသုန္ဒြ၏ **"ရှုခင်းသာ"** အမည်ရှိ ပန်းချီကားများမှာလည်း ရသအစုံစုံနှင့် ခံစားမှုအဖုံဖုံကို ကြည့်သူတို့ အကြိုက်ပေးနိုင်စွမ်းရှိသော ပန်းချီကားကောင်းများ ဖြစ်ကြပေရာ ပန်းချီကို တန်ဖိုးထားလေ့လာလိုသူတိုင်း မဖြစ်မနေ သွားရောက်ကြည့်ရှုလေ့လာသင့်သော ပန်းချီပြပွဲတစ်ပွဲဖြစ်ပါကြောင်း အနုပညာသတင်း ကောင်းပါး၍ ရေးသားလိုက်ရပါသည်။ ။

ပန်း ချီ ဆရာ ကိုကို အောင် ၏ "သီလ ရှင်" ပန်းချီကား။

အရောင်အသွေး စုံစုံဖြင့် ပန်းချီဆရာ ကျော်ခေါင်၏ "ရှင်ပြုအလှူတော်မင်္ဂလာ" ပန်းချီကားကြီး။

ဖြူးမဟာစည် မိုးရာသီတရားစခန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကမာရွတ်ဘူတာရုံအနီး ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌(ဝါခေါင်လပြည့်ကျော် ၄ရက်မှ တော်သလင်းလဆန်း ၄ရက်ထိ) ဩဂုတ် ၂၀မှ စက်တင်ဘာ ၃ရက်အထိ မိုးရာသီ ၁၅ရက် ဝိပဿနာတရားစခန်းကို ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇန ဟိတဓရ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ ဦးစီး၍ တပည့် ဓမ္မကထိကများက ဟောဖော်ညွှန်ပြမည်ဖြစ်ရာ တရားစခန်းအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူများနှင့် တရားစခန်းဝင်ရောက် အားထုတ်လိုသော ယောဂီများသည် ဖုန်း-၅၃၀၀၆၈-၅၀၁၈၄၆ လိုင်းခွဲ (၁၈၁)သို့ ဆက်သွယ်လှူဒါန်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အရှင်ခေမိန္ဒ(စစ်ကိုင်း၊ ခင်မကန်) ဆရာတော် ဝါတွင်းအထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၁၄

ဦးချစ်မောင်လမ်း ဗဟန်းမြို့နယ်ရှိ ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံကြီး၌ အရှင်ခေမိန္ဒ(စစ်ကိုင်း၊ ခင်မကန်) သာသနာပြုနယ်လှည့် ဓမ္မကထိက ဆရာတော်က ဩဂုတ် ၁၆ ရက်(စနေနေ့) ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

အထက(၉) မော်လမြိုင် (ယခင် ရှင်မဟာ ဗုဒ္ဓဃောသ အမျိုးသားကျောင်း) တတိယ အကြိမ်မြောက် အာစရိယ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

အထက(၉) မော်လမြိုင် (ယခင်ရှင်မဟာ ဗုဒ္ဓဃောသ အမျိုးသားကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ အငြိမ်းစားယူသွားခဲ့ပြီးဖြစ်သည့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် လုပ်သက်အနှစ်(၂၀)နှင့်အထက်ရှိပြီး လက်ရှိ တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများအား ၂၀၀၈ ခုနှစ် အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့တွင် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားတွင် ပူဇော်ကန်တော့ကြမည်ဖြစ်သဖြင့် သက်ဆိုင်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါ်မြင့်မြင့်ရီ (ကျောင်းအုပ်ကြီး) အ-ထ-က(၉) (ဖုန်း- ၀၅၇- ၂၇၀၇၀)၊ ဒေါ်သီတာကြည် ၀၅၇-၂၆၀၉၇၊ ဒေါ်မြမြလေး ၀၅၇-၂၂၉၄၆၊ ဦးကြည်သိန်း ၀၉၅၂၀၁၄၈၁နှင့် မအိအိနွယ် ၀၁-၂၀၀၇၄၇ လိုင်းခွဲ- ၂၀၂၇၊ ၀၉၅ ၁၄၄၇၈၄ တို့သို့ အကြောင်းကြား ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အာဟာရ ကျွေးမွေးရန်နှင့် စာအုပ်၊ စာရေးကိရိယာများအတွက် တာမွေမြို့နယ် ဗညားဒလလမ်းနေ ဆရာဦးမောင်မောင်တီ(သင်္ချာ)က ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံ အလှူငွေ ဆက်ကပ်လှူဒါန်းစဉ်။ (၀၈)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ အမျိုးသားရေး တေးကဗျာ
၄း၄၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀ ၈။ အမျိုးသားရေး တေးကဗျာ
၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ အပိုင်း (၅၄)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေး တေးကဗျာ
၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -တို့မြန်မာလူမျိုးအတွက် ရေးသည့်စာတစ်ပုဒ် ရွှေချောင်းတစ်ချောင်း
၂၁။ စိုက်ပျိုးသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖျူစင်ခြင်းရဲ့နောက်ကွယ် အပိုင်း (၁၃)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တို့သည် ဩဂုတ် ၉ ရက်တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပသော ကျေးရွာပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အမှာစကား ပြောကြားသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေမြို့ အမှတ် (၁) ဖောင်တော်ကြီး ဆိပ်ခံတံတားတွင် ကမ်းရိုးတန်းသွား သင်္ဘောများ၏ ကုန်တင်ကုန်ချဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

ဆက်လက်၍ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဝတ်အထည်များနှင့် ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၅၀၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ် လုံချည်၊ ကျေးရွာစာကြည့်တိုက်အတွက်ဂျာနယ်နှင့် မဂ္ဂဇင်းများ၊ အပေါက်ဝ ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အတွက် အလှူငွေကျပ် ငါးသိန်းနှင့် ဘီလပ်မြေအိတ် ၁၀၀ တို့ကို ပေးအပ်ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် အပေါက်ဝကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ကျေးရွာပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များ ကျောင်းဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့ သည်အပေါက်ဝကျေးရွာဆိပ်ကမ်းတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန် ယူဆောင်ရွက်နေသော ကျောက်စီ ကမ်းထိန်းနံရံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဗဟိုအလုပ် အမှုဆောင် ဝန်ကြီးတို့သည် ယိုးတရုတ် အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသော ကျေးရွာ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အမှာစကား ပြောကြားကြကာ တိုင်းမှူးက ကျောင်းသုံးဗလာစာအုပ်များ၊ အဝတ် အထည်များနှင့် စာသင်ကျောင်း အတွက် အလှူငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွက် အသင်းဝတ်လုံချည်များ၊ ဂျာနယ်၊မဂ္ဂဇင်းစာအုပ်များနှင့်စာသင် ကျောင်းအတွက် ဘီလပ်မြေအိတ် ၉၀ တို့ကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရမ်း-သုံးခွ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်သန်း၏ စီစဉ်မှုဖြင့် ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီတွင် ငါးမျိုး စိုက်ထည့်ပွဲ အခမ်းအနားကို ခရမ်း ချောင်းနှင့် အပျိုကြီးတဲစုအနီးရှိ မိုး စပါးစံပြစိုက်ပျိုးထားသည့် လယ်ယာ မြေများ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသောင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ငါးလုပ်ငန်းဦးစီးဌာန မှ ဦးစီးမှူး ဦးဇော်သန်းနှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ခရမ်းချောင်းနှင့် မိုးစပါး စိုက်ပျိုးထားသည့် လယ်ယာ မြေကွက်များအတွင်းသို့ ငါးခုံးမ၊ ငါးမြစ်ချင်း မျိုးသားပေါက်ကောင်ရေ စုစုပေါင်း၅၅၀၀၀ကို ငါးမျိုးစိုက်ထည့် ပေးကြသည်။ **(အောက်ပုံ)**

သုံးခွမြို့နယ်တွင်လည်း မော်ဝန်း ချောင်းနှင့် မိုးစပါးစိုက်ပျိုးထားသည့် လယ်ယာမြေကွက်များအတွင်းသို့ ငါးခုံးမနှင့် ငါးမြစ်ချင်း မျိုးသားပေါက် ၅၅၀၀၀ကို ငါးမျိုးများ စိုက်ထည့်ပေးခဲ့ ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရာကျော်စိတ္တသုခတပ်ဦးကျောင်း တိုက်ရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ကျေးဇူးတော်ရှင် ရာကျော်ဆရာတော်ကြီး၏ မူလစံကျောင်းတော်ကို အသစ်ပြန်လည် တည်ဆောက်ရန်အတွက် ကွယ်လွန်သူ ဒေါ်ခင်စိန် (၂၂၆၊ ဘီရုံ၊ သိမ်ကြီးဈေး) ခြောက်နှစ်ပြည့်အား ရည်စူး၍ မင်္ဂလာတောင်ညွန့် မြို့နယ် ကန်တော်ကလေး(တောင်ပိုင်း)ရပ်ကွက် မြန်မာ့ဂုဏ်ရည်လမ်း၊ နေ ဦးတိုးမြင့်မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဩဂုတ် ၁၀ရက်က ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုနန္ဒမဟာစရိယထံပေးအပ်လှူဒါန်းရာ ကပ္ပိယကာရက ဦးနိုင်အောင် လက်ခံယူစဉ်။
(၃၂)

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း လုပ်ငန်းသုံးစက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးညီညီနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် စည်ပင်သာယာလုပ်ငန်း သုံးစက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း နှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီစက်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ ရောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော် အဆင့်မြှင့်ရေး လုပ်ငန်းသုံး စက်ယန္တရားများ၊ ယာဉ်များနှင့် စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်း နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှူး ဦးမင်းလွင်၊ ဒုတိယ ဌာနမှူး ဦးအောင်ခင်ဇံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသ ကြသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း စက်ယန္တရားများ ပြုပြင်ထိန်းသိမ်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ကမာရွတ်မြို့နယ် ကွမ်းခြံ(၁)လမ်း ဟံသာရိပ်မွန်အိမ်ရာနေ မောင်စန်းနိုင်-မခင်သီတာညို တို့က မင်္ဂလာဦး အလှူဒါနအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။
(ကြေးမုံ)

ကျောင်းသား၊ ကျောင်းသူကျန်းမာဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့

ဒေါက်တာအောင်ထွဏ်း
စီမံချက်မန်နေဂျာ (ကျောင်းကျန်းမာရေး)

အမျိုးသားကျန်းမာရေးအစ၊ စာသင်ကျောင်းက

နိုင်ငံအတွက် အရေးပါလှသော အင်အားစုတစ်ရပ်ဖြစ်သည့် နိုင်ငံ့ရတနာ ကျောင်းသားလူငယ်များအတွက် ဆောင်ရွက်နေသည့် ကျောင်းကျန်းမာရေးလုပ်ငန်းသည် အလွန်အရေးပါလှသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းကို ကောင်းမွန်တိုးတက်အောင် ရင်းနှီးမြှုပ်နှံခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းနှင့် အကျိုးများစေသည့် လုပ်ငန်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံး၌ ကျောင်းကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် အဖွဲ့ဝင်အားလုံးက တူညီသော ရည်မှန်းချက် လုပ်နည်းလုပ်ဟန်တို့ဖြင့် ပါဝင်ဆောင်ရွက်ကြရန် (Global School Health Initiative)ဆိုပြီး ၁၉၉၅ ခုနှစ်မှစတင်၍ လှုံ့ဆော် ဆောင်ရွက်ခဲ့ပါသည်။

ယနေ့ ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုနှင့် မှုမှန်သည့် ကျန်းမာရေး အလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည် ဖြစ်ပါသည်။ အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းကဆိုသကဲ့သို့ အမျိုးသား ကျန်းမာရေးအစ၊ စာသင်ကျောင်းကပင် ဖြစ်ပါသည်။

အမျိုးသား ကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေး စောင့်ရှောက်မှု စီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် 'ကျောင်းကျန်းမာရေးလုပ်ငန်း' စီမံချက်ဖြင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိ။

ယခုအခါ အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေး စောင့်ရှောက်မှု စီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် 'ကျောင်းကျန်းမာရေးလုပ်ငန်း' စီမံချက်ဖြင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ကျောင်းသား၊ ကျောင်းသူများအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးကော်မတီများဖြစ်သည့် ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းကာ ကျောင်းကျန်းမာရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်ကလေး ကျန်းမာရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းတို့အား စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကာ လိုအပ်ချက်မှန်သမျှ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

တစ်ဖန် နှစ်စဉ်တိုးတက်များပြားလာသော ကျောင်းနှင့်ကျောင်းသား ဦးရေတို့အား ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန် အတွက် ကျောင်းကျန်းမာရေးအဖွဲ့ ၈၀၊ မိခင်ကလေးကျန်းမာရေးဌာန ၅၂ ခုနှင့်အတူ မြို့နယ်တိုင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများက သက်ဆိုင်ရာ ဒေသအလိုက်(မြို့မ/ကျေးလက်) ကျောင်းကျန်းမာရေးလုပ်ငန်းအား တစ်ပိုင်တစ်နိုင်ဆောင်ရွက်စေခြင်းဖြင့် အကောင်အထည်ဖော်လျက် ရှိပါသည်။

၂၀၀၈ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်

ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် နှစ်စဉ်ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် ကျန်းမာရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာပြည်နယ်/တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ မြို့နယ်ပညာရေးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်တွင်လည်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၁ ရက်မှ ၁၅ ရက်အထိ သတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်

ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးဟူသော ရည်မှန်းချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးနှင့် နှီးနွယ်သည့် ဝန်ကြီးဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကူညီပူးပေါင်းပါဝင်မှုတို့ဖြင့် အောက်ပါ ကျောင်းကျန်းမာရေးလုပ်ငန်း ရည်ရွယ်ချက်များ ပေါက်မြောက်အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်း မြင့်မားတိုးတက်လာစေရန်၊

(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေး ပညာနှင့် အပြုအမူများ သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝ (Healthy living life style) ပိုင်ရှင်များ ဖြစ်လာစေရန်၊

(ဂ) ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများအား စောစီးစွာ ရှာဖွေကုသပေးရန်၊

(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊

(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ် ကျောင်းသားလူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊

(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှ တစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မား တိုးတက်လာစေရန်၊

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်း

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းဆိုသည်မှာ လူအင်အား၊ ပစ္စည်းအင်အား မည်သို့ပင်ရှိစေကာမူ မိမိ၏ ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေး မိသားစုများ၏ ကျန်းမာရေး အဆင့်အတန်းကို အစဉ်အမြဲ တိုးတက်မြင့်မားအောင် ဆောင်ရွက်နေသော လုပ်ငန်းပင်ဖြစ်သည်။ စင်စစ်ဤလုပ်ငန်းသည် ယခင်ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေးလုပ်ငန်းများအား လက်ရှိအခြေအနေနှင့် ပြုပြင်ရေးဆွဲ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်သာ ဖြစ်ပါသည်။ ယခုအခါ မြို့နယ်အားလုံးတွင် လွှမ်းခြုံ အကောင်အထည်ဖော်လျက် ရှိပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေးစီမံချက်အရ သမားရိုးကျ ကျောင်းကျန်းမာရေးလုပ်ငန်းအား ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်မှစတင်၍ မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာလုံးအတွက် ကျန်းမာရေး အလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ကျန်းမာရေးအဆင့်မြှင့် လုပ်ငန်းစဉ်များကို ပြောင်းလဲချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြို့နယ်တိုင်းတွင် နှစ်စဉ်ကျောင်းအုပ်များအား ကျောင်းကျန်းမာရေးသင်တန်းပို့ချ၍ စာသင်နှစ်တစ်နှစ်အတွက် ကျောင်းအလိုက် လုပ်ဆောင်ရမည့် ကျောင်းကျန်းမာရေးလုပ်ငန်း စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်လျက် ရှိပါသည်။

မြို့နယ်များရှိ ကျောင်းကျန်းမာရေးဌာန (သို့မဟုတ်) မြို့နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေး ဝန်ထမ်းများက ဒေသအလိုက် ကျောင်းများသို့ ကွင်းဆင်း၍ အောက်ပါ ကျောင်းကျန်းမာရေး လုပ်ငန်းကြီး(၉)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း

(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း

(၃) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း

(၄) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း

(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

(၆) ကျောင်းမှ ပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိ ရေး လုပ်ငန်း

(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့်လူမှုရေးပံ့ပိုးမှုလုပ်ငန်း

(၈) သင်တန်းနှင့်သုတေသနလုပ်ငန်း

(၉) ကျောင်းအားကစားနှင့်ကာယလုပ်ငန်း

၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ကျန်းမာရေး အဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်နေသည့် ဆေးလိပ်ကင်းဝေးရေး ကျောင်း၊ ခြင်ကျားကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်းနှင့် ကျောင်းကျန်းမာရေးစံပြကျောင်းများ ဖြစ်ထွန်းရေးလုပ်ငန်းများကို ဆရာ၊ ကျောင်းသားများနှင့်တကွ နှီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းအားလုံး လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်ရာတိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဒု-တိုင်းကျန်းမာရေး ဦးစီးဌာနမှူးနှင့် မိခင်ကလေး ကျောင်းကျန်းမာရေး ဆရာဝန်ကြီးတို့က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့်အခြေခံကျန်းမာရေးဝန်ထမ်းများသို့ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲလျက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ် ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုအား မြို့နယ်၊ တိုင်းနှင့် ဗဟိုအဆင့် လူထု ကျန်းမာရေးစောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲများနှင့်အတူ ပူးတွဲဆန်းစစ်ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းအဆင့်တွင် ဆရာ၊ ဆရာမများသည် ကျန်းမာရေး အဆင့်မြှင့်ကျောင်း ထူထောင်ရေးသင်တန်းမှ ရရှိလာသောအသိပညာ များဖြင့် အတန်းတိုင်းတွင် ကျောင်းသားသူငယ်များအား မှန်ကန်သော ကျန်းမာရေး အလေ့အကျင့်များကို ဦးစားပေးပြုစုပျိုးထောင်ပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေး အဆင့်မြှင့်ကျောင်းလုပ်ငန်းအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီအစဉ်ဖြင့် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် မော်လဒိုက်နိုင်ငံမှ ကျောင်းကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့ လာရောက်လေ့လာခဲ့ကြပါသည်။

အခြားနှီးနွယ်သည့်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိ

ထို့ပြင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးဘာသာရပ်များအား ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်သင်ရိုးတွင် ထည့်သွင်းရာ၌လည်းကောင်း၊ သန့်လေးသန့် နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို လည်းကောင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

တဖန်စည်ပင်သာယာရေးဦးစီးဌာနနှင့် ပူးပေါင်း၍လည်း ကျောင်းဈေးဆိုင်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ World Vision, WFP, AMI စသည့် အစိုးရမဟုတ်သော လူမှုရေး အဖွဲ့များနှင့် WHO, UNICEF ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့နိုင်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❑

ရေဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော်   ဩဂုတ် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာ၌ ကျင်းပသော အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ် အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့သီတဂူဦးနိုင်ဦးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းကိုရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံအစုံ ၁၀၀၀ကိုလည်းကောင်း၊ တိုင်းမှူးက ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧရာဝတီတိုင်း လက်ထောက်တိုင်းပညာရေးမှူး ဦးငွေစိုးနှင့်သီတဂူဦးနိုင်ဦး-ဒေါ်အေးအေးသိန်း မိသားစုတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုက ဘုရားချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဘိုကလေးမြို့ ပြည်သူ့ဆေးရုံရှိ ဆေးရုံတက်လူနာများသို့ ထောက်ပံ့ငွေများ ပေးအပ်ပြီး ခွဲစိတ်ဆောင်၊ သားဖွားဆောင်နှင့် ဖျားနာဆောင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဩဂုတ် ၁၀ရက် နံနက်ပိုင်းတွင် ပြည်မြို့ရှိ ပြည်စက်မှုဇုန်သို့ ရောက်ရှိရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှမင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇီဝလောင်စာဆီ အီသနော ထုတ်လုပ်ထားရှိမှုနှင့် ပြည်စက်မှုဇုန်အတွင်း မော်တော်ယာဉ်များ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ စပါးခွံဓာတ်ငွေ့ဖြင့် အင်ဂျင်စက်များ လည်ပတ်မောင်းနှင်နေမှုများကိုလည်းကောင်း၊ ကြက်ဆူစေ့မှ ဇီဝလောင်စာဆီ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကိုလည်းကောင်းကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်စက်မှုဇုန်ထုတ်ကားများထုတ်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်က လိုက်လံရှင်းလင်းတင်ပြသည်။ ယင်းနောက်ပြည်စက်မှုဇုန်အတွင်း တည်ဆောက်လျက်ရှိသော ဇေယျာရွှေတည် ဆန်စက် တည်ဆောက်နေမှုကို လှည့်လည်စစ်ဆေးသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်မြို့နယ် တီတွတ်စံပြကျေးရွာ၌ ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပွဲသို့ တက်ရောက်အားပေးကြပြီး ခရေပင်များကို စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ပြည်စက်မှုဇုန်မှ ထုတ်လုပ်ထားသော မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

လစဉ်အဓိဋ္ဌာန်ပွဲများ ကျင်းပမည်

ရန်ကုန်   ဩဂုတ် ၁၄

မင်္ဂလာဒုံမြို့နယ်ရှိ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)တွင် လစဉ်ကျင်းပမြဲဖြစ်သော ဝိပဿနာခုနစ်ရက် အဓိဋ္ဌာန်ပွဲများကို ဩဂုတ် ၂၂ ရက် ညနေမှ ၂၉ ရက် နံနက်အထိ၊ စက်တင်ဘာ ၁၉ ရက် ညနေမှ ၂၆ရက် နံနက်အထိ၊ အောက်တိုဘာ ၂၄ ရက် ညနေမှ ၃၁ ရက်နံနက်အထိ၊ နိုဝင်ဘာ ၂၁ ရက် ညနေမှ ၂၈ ရက် နံနက်အထိ ဟောကြားပြသမည် ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများနှင့် လှူဒါန်းလိုသောသူများသည် ကပ္ပိယကာရကအဖွဲ့ဝင်များထံတွင်လည်းကောင်း၊ ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း-၆၃၈၀၈၈ သို့လည်းကောင်း စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။
(ကြေးမုံ)

❑ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ အေးဒီး(စ်)ခြင်ကျား ကင်းစင်ကျောင်းများ ထူထောင်ပေး

အထူးတင်ပြလိုသည့် အချက်မှာ ကျောင်းသားလူငယ်များအား သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးစေရေးအတွက် အေးဒီး(စ်) ခြင်ကျားဖြစ်စေသော ပိုးလောက်လမ်းပေါက်ပွားမှု သုတ်သင်နှိမ်နင်းရေးလုပ်ငန်းကိုကျောင်းများတွင် နှစ်စဉ်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး စီမံချက်ရေးဆွဲဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိရာမှ ယခုအခါ အရှိန်အဟုန်မြှင့်၍ အေးဒီး(စ်)ခြင်ကျားကင်းစင် ကျောင်းများ ထူထောင်ရေးစီမံချက်အား ရေးဆွဲအကောင်အထည်ဖော်လျက်ရှိခြင်းပင် ဖြစ်သည်။

ယခုအခါ သွေးလွန်တုပ်ကွေးရောဂါသည် ချင်းပြည်နယ်မှအပ ကျန်ပြည်နယ်/ တိုင်းအားလုံးတွင် ဖြစ်ပွားလျက်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကျောင်းဖွင့်စမိုးရာသီတွင် အထူး ဖြစ်ပွားလေ့ရှိပြီး တစ်နှစ်ပတ်လုံးတွင်လည်း ကျောင်း၊ ကျောင်းပတ်ဝန်းကျင်နှင့် အိမ်၊ နေအိမ်ပတ်ဝန်းကျင်တွင် အေးဒီး(စ်)ခြင်ကျား ဖြစ်စေသော ပိုးလောက်လမ်းများ ပေါက်ပွားနေပါက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်သဖြင့် ကျောင်းသားလူငယ်များအတွင်း အန္တရာယ်ကျရောက်စေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ကျောင်းတိုင်းအေးဒီး(စ်)ခြင်ကျား ကင်းစင်ကျောင်းများ ဖြစ်လာစေရန် ဆရာ၊ ကျောင်းသားများ ပါဝင်၍ တစ်နှစ်ပတ်လုံး အကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အစီအစဉ်များ

ကျောင်းကျန်းမာရေး သီတင်းပတ်ဖြစ်သော ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၁ ရက်မှ ၁၅ ရက်အတွင်း ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ပြည်နယ်/တိုင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ကျောင်းအုပ်စုအလိုက်၊ အခြေခံပညာ ကျောင်းအလိုက်၊ အောက်ပါကျောင်းကျန်းမာရေး လုပ်ငန်းစဉ်(၅)ရပ်ကို အထူးဆောင်ရွက်လျက်ရှိပါသည်-

(က) ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊
(ခ) ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊
(ဂ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊
(ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊
(င) ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်း၊

ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို တိုင်းတာပြီးပါက အသက်အရွယ်အလိုက်ရှိသင့်သည့် အတိုင်းအတာထက် လျော့နည်းနေသူများအား သီးခြားအချိန်ယူ၍ အသေးစိတ်ပြန်လည်စစ်ဆေးပြီး တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကုသရေးနှင့် ကျွေးမွေးပြုစုရေးအစီအစဉ်များကို ဆောင်ရွက်ကြပါမည်။

ထို့ပြင် အာဟာရဌာနနှင့် ပူးပေါင်း၍ UNICEF ၏ ပံ့ပိုးမှုဖြင့် ပြည်နယ်နှင့် တိုင်းအားလုံးရှိ မြို့နယ်များမှ မူလတန်းကျောင်းသား စုစုပေါင်း ငါးသန်းခန့်အား ၂၀၀၈ ခုနှစ် ဇူလိုင်လမှစ၍ ကျောင်းကျန်းမာရေး သီတင်းပတ်အထိ သန်ချဆေးများ ပထမအကြိမ် ဆက်လက်တိုက်ကျွေးလျက်ရှိပါသည်။ ဤကျောင်းသန်ချဆေးတိုက်ကျွေးရေး အစီအစဉ်အား UNICEF မှ နောက်ထပ်နှစ်နှစ် ဆက်လက်ထောက်ပံ့ ကူညီပေးမည်ဖြစ်ကြောင်း သိရပါသည်။

အထူးသဖြင့် ယမန်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်မှ စတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ကမ္ဘာလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းသားကျန်းမာရေးသုတေသန(Global School-based student health survey)ကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အဆိုပါ သုတေသနလုပ်ငန်းတွင် ရွေးချယ်ထားသည့် ပြည်နယ်/တိုင်းအသီးသီးရှိ အခြေခံပညာကျောင်း ၅၀ ရှိ အသက် ၁၃ နှစ်မှ ၁၅ နှစ်အတွင်း (သတ္တမတန်းမှ ဒသမတန်း)ကျောင်းသား လူငယ်များ၏ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အာဟာရစားသုံးမှု၊ ကိုယ်လက်လှုပ်ရှားမှု၊ အရက်၊ ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲမှု၊ စိတ်ကျန်းမာမှု၊ ရောဂါနှင့်ဘေးအန္တရာယ်ကာကွယ်မှု အကြောင်းအရာများကို လေ့လာဆန်းစစ်မည် ဖြစ်ပါသည်။ ဤသုတေသနလုပ်ငန်းအား ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံများတွင် တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဤသုတေသနတွင် ကျောင်းများ ပါဝင်တုံ့ပြန်မှုနှုန်းမှာ ၁၀၀ ရာခိုင်နှုန်း ဖြစ်ပြီး ကျောင်းသူ၊ ကျောင်းသားများ ပါဝင်တုံ့ပြန်မှုနှုန်းမှာ ၉၅ ရာခိုင်နှုန်း ဖြစ်ကာ စုစုပေါင်း ပါဝင်တုံ့ပြန်မှုနှုန်းမှာ ၉၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကမ္ဘာလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းသားလူငယ်များ ကျန်းမာရေးသုတေသနတွင် ကျောင်းသူ၊ ကျောင်းသား ပေါင်း ၂၈၀၆ ဦး ပါဝင်ပါသည်။ ဥပမာအားဖြင့် မြန်မာကျောင်းသား လူငယ်များအတွင်း မှုမှန်ကျန်းမာရေးအလေ့အကျင့်များ တိုးတက်လာကြောင်း အောက်ပါသုတေသနရလဒ်များက အထင်အရှား သက်သေပြုလျက်ရှိပါသည်-

အချက်အလက်များ	**စုစုပေါင်း%**	**ကျောင်းသား**	**ကျောင်းသူ**
တစ်ကိုယ်ရေသန့်ရှင်းရေး			
(၁) လွန်ခဲ့သည့် ရက်ပေါင်း(၃၀)အတွင်း တစ်ရက်လျှင် တစ်ကြိမ်ပင်သွားမတိုက်သည့် ရာနှုန်း	၄.၄ ± ၁.၃	၅.၈ ± ၁.၇	၃.၀ ± ၁.၃
(၂) လွန်ခဲ့သည့် ရက်ပေါင်း(၃၀)အတွင်း အစာမစားမီလက်ဆေးခြင်းကိုလုံးဝမပြုလုပ်(သို့)ရှားရှားပါးပါးသာပြုလုပ်သည့် ရာနှုန်း	၂.၈ ± ၁.၄	၄.၈ ± ၂.၅	၀.၈ ± ၀.၅
(၃) လွန်ခဲ့သည့် ရက်ပေါင်း(၃၀)အတွင်း အိမ်သာအသုံးပြုပြီး လက်ဆေးခြင်းကို လုံးဝမပြုလုပ်(သို့) ရှားရှားပါးပါးသာပြုလုပ်သည့် ရာနှုန်း	၃.၄ ± ၁.၂	၄.၉ ± ၁.၈	၁.၉ ± ၀.၉

အချက်အလက်များ	**စုစုပေါင်း%**	**ကျောင်းသား**	**ကျောင်းသူ**
ဆေးလိပ်/အခြားဆေးရွက်ကြီး သုံးစွဲမှုအခြေအနေ			
(၄) လွန်ခဲ့သည့် ရက်ပေါင်း(၃၀)အတွင်း တစ်ရက်(သို့) တစ်ရက်နှင့်အထက် စီးကရက်သောက်သုံးခဲ့သည့်ရာနှုန်း	၂.၀ ± ၀.၈	၃.၄ ± ၁.၂	၀.၆ ± ၀.၆
(၅) လွန်ခဲ့သည့် ရက်ပေါင်း(၃၀)အတွင်း အခြားဆေးရွက်ကြီးထွက်ပစ္စည်း တစ်မျိုးမျိုးကိုတစ်ရက်(သို့) တစ်ရက်နှင့် အထက် သုံးစွဲခဲ့သည့်ရာနှုန်း	၃.၆ ± ၁.၀	၅.၆ ± ၁.၇	၁.၆ ± ၁.၂

ကျောင်းသားလူငယ်ကျန်းမာဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အရေးပါလှသည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးနေစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများ အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

✳ ရှေ့ဖုံးမှ

ရုပ်ပျိုတိုင်းရင်းဆေး ဆေးဝါးစက်ရုံသို့ သွားရောက်ကာ စက်ရုံဧရိယာအတွင်းရှိ ပရဆေးဥယျာဉ်၌ ရှားပါးဆေးဖက်ဝင်အပင်များ စုဆောင်းစိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ရွှေဘုံရတနာ မင်္ဂလာနန်းတော်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ နန်းဦးဆုတောင်းပြည့်ဘုရားအား ဖူးမြော်ကြည်ညိုသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့သည် မဟာအောင်မြေဆုတောင်းပြည့် ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေဘိုမြို့ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း ဓမ္မာရုံ၌ ကျင်းပသော ဆွမ်းဆန်တော်နှင့် ဆီဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့သည် ရွှေတန်ဆာဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညို၍ ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန် အတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး ရွှေဘိုမြို့မှ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းမြို့ ကံတလူဘုရားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ကံတလူ ဓမ္မစကြာဘုရား မျက်နှာစာ ပရိဝုဏ်၌ ကံ့ကော်ပင်များကို စိုက်ပျိုးပေးပြီး ကံတလူ ဓမ္မစကြာဘုရားနှင့် ကံတလူဘုရားတို့အား ဖူးမြော်ကြည်ညိုကာ ဘုရားကြီးဂေါပကအဖွဲ့ထံ အလှူငွေ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့သည် ရာဇမဏိစူဠာ ကောင်းမှုတော်ကြီးသို့ ရောက်ရှိကြပြီး ပဉ္စလောဟာ ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြကာ စေတီတော်ကြီး မြောက်ဘက်စောင်းတန်းကောင်းမှုတော် စိုက်ကွက်အမှတ် (၂) ၌ ဘုရားပရိဝုဏ် စိမ်းလန်းစိုပြည်ရေးအတွက် ကျင်းပသည့် ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အင်ကြင်းပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ကောင်းမှုတော်ဘုရားကြီးဝင်းအတွင်း စစ်ကိုင်းတိုင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ တူးဖော်လျက်ရှိသော လေးလက်မ အဝီစိတွင်းမှ ရေစတင်ရရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဝီစိတွင်းမှာ အနက် ၂၆၂ ပေရှိပြီး တစ်နာရီလျှင် ရေဂါလန် ၄၅၀၀ ထွက်ရှိကာ ရေပိုက်များဖြင့် သွယ်တန်း၍ ဘုရားပရိဝဏ်အတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် စေတီတော်ကြီး မြောက်ဘက် မေတ္တာကန်၌ ဇီဝိတဒါနအဖြစ် ငါးသားပေါက်များ လွှတ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့သည် စစ်ကိုင်းမြို့မှ ပြန်လည်ထွက်ခွာလာရာညပိုင်းတွင်နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဗုဒ္ဓအဘိဓမ္မာကျမ်းရင်းများကို အင်္ဂလိပ်ဘာသာဖြင့်သင်ကြားမည်

ရန်ကုန် ဩဂုတ် ၁၄

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ စီမံခန့်ခွဲရေးကော်မတီ၏စီစဉ်မှုဖြင့် ဗုဒ္ဓအဘိဓမ္မာ ကျမ်းရင်းများကို အင်္ဂလိပ်ဘာသာဖြင့် အောင်လက်မှတ်သင်တန်း [Certificate Cate Course (Domestic) in Abhidhamma in English] ကို အများပြည်သူများအတွက် သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဘိဓမ္မာကျမ်းကြီး (၄)ကျမ်း (မာတိကာ၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ယမိုက်) နှင့် အဘိဓမ္မာသိင်္ဂဟ Workshop II, peaearch or and Application of Abhidhamma အလုပ်ရုံဆွေးနွေးပွဲတို့ကို သင်ကြား ပို့ချပေးမည်ဖြစ်သည်။

သင်တန်းများကို သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်(အဓိပတိ)၊ အပြည်ပြည်ဆိုင်ရာ မဟာသိပ္ပံနာယက ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ D.Litt ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ မဟာအဘိဓမ္မာသိပ္ပံ ဒုတိယပါမောက္ခချုပ်နှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးမြသန်း (စာရေးဆရာ နော်ရထာဝင်း) နှင့် Ph.D ဘွဲ့ရဆရာတော်များက အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းကို အောက်တိုဘာ ၄ရက်မှ ဒီဇင်ဘာ ၂၈ရက်အထိ စနေ၊တနင်္ဂနွေနေ့တိုင်း နံနက် ၇ နာရီမှ ၉ နာရီ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ 1.1.A campos II ယခင် သမဝါယမတန်ဆောင်း) ကမ္ဘာအေးစေတီဝင်းအတွင်း ကမ္ဘာအေးစေတီလမ်း ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ သံဃာတော်များနှင့် သီလရှင်များဖြစ်လျှင် ပထမကြီးတန်းအောင်မြင်ပြီးသူများ တက်ရောက်သင်ယူနိုင်သည်။ ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ စာမေးပွဲအောင်လက်မှတ်မိတ္တူနှင့်အတူ 1.1.A ရုံးခွဲ(၂)၊ အလှူခံဌာနခွဲ၊ သာစုကာရီဓမ္မာရုံး၊ အမှတ် (၂၉၅/၂၉၇) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၂၅၄၁၀၂ (တနင်္လာနေ့မှ စနေနေ့)အထိ ရုံးချိန်အတွင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးသန်းထွန်း	ညွှန်ကြားရေးမှူးချုပ် အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဒေါက်တာဘမောင်	ညွှန်ကြားရေးမှူးချုပ် သမိုင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့်အသိပညာပေးဟောပြောပွဲကိုသင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် အမှတ် (၈) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ဇဝနရပ်ကွက်အမှတ် (၈) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ ဒေသစည်းရုံးရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းခန်းမ၌ ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူးများ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲမှ အဖွဲ့ခွဲခေါင်းဆောင် ဆရာမကြီး ဒေါက်တာဒေါ်ခင်သိန်းက ယဉ်ကျေးလိမ္မာနှင့် မျိုးချစ်စိတ်ဓာတ်ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ထို့နောက် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ခေါင်းဆောင်သည့် အဖွဲ့ဝင်များက တတိယတန်း၊ စတုတ္ထတန်း စာသင်ခန်းများအတွင်း လှည့်လည်၍ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး တစ်ကိုယ်ရေ ကျန်းမာရေးနှင့် ယဉ်ကျေးလိမ္မာ အသိပညာပေးစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ပြန်ကြားရေးရာ ဌာနကြီးမှူးမှလှူဒါန်းသည့် စာအုပ် ဒါဇင် ၅၀ နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ လှူဒါန်းသည့် အမှိုက်ပုံး ငါးပုံးနှင့် အမှိုက်အိတ် ၁၅၀ တို့ကို စီမံရေးရာဌာနကြီးမှူးဒေါက်တာဒေါ်ခင်ဆန်းနွယ်က ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲမှ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းရာ ပညာရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်ထားမေက ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်နီလာသိန်းနှင့် ကလေးအထူးကု ဆရာဝန် ဒေါက်တာ ဒေါ်ခင်မာအေးတို့က ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အခမဲ့စမ်းသပ်ကုသပေးပြီး မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများက ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်၃-နှစ်မှ ၁၄-နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်-

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ရင်သွေးငယ်များခြင်ကိုက် မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

လိုက်နာရမည့်အချက်များ-

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လန်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့ အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင်ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို ဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်မပေါက်ဖွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၀၈ (သောကြာနေ့)

၁၃၇၀ပြည့်နှစ်၊ဝါခေါင်လဆန်း(၁၄)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ(အပိုင်း-၁)
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၀၅	၆။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၇။	“ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ” (မေသန်းနု၊ပန်းဖြူ ကျော်ဇေယျ၊ဦးခိုင်တင်၊ဖူးချစ်) [ဒါရိုက်တာ-မောင်မောင်ဦး (စနိုးပိုက်)]
၈း၃၀	၈။	International News.
၈း၄၅	၉။	အဆိုပြိုင်ပွဲ
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အတီးပြိုင်ပွဲ
၄း၄၀	၅။	ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ် ဓမ္မာစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက ၁၊ သန်လျင်)
၅း၀၀	၆။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၅း၁၀	၇။	အကပြိုင်ပွဲ
၅း၂၀	၈။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၃၀	၉။	မြန်မာ့မီးရထားအားမာန်
၅း၄၅	၁၀။	တေးဂီတအစီအစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလဝသအခြေအနေ
၆း၃၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ကော်ဖီချစ်သူ” (အပိုင်း-၂၂) (ဇာတ်သိမ်း)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား” (အပိုင်း-၂၀)**
	၁၉။	အစီအစဉ်ပြီး၏။

❀ ကျောဖုံးမှ

အဆိုပါ ဆီစက်သည် တစ်နေ့လျှင် မြေပဲတင်း ၉၀၀ ကြိတ်ခွဲပြီး မြေပဲဆီ ပိဿာ ၃၄၀ ထွက်ရှိကြောင်း သိရသည်။

တွေ့ဆုံ

ဆက်လက်၍ ဗိုလ်ချုပ် မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းရယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး မိုင်းရယ် ရတနာကျောင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်မင်းအောင်လှိုင်က မိုင်းရယ်မြို့နယ်သည် မြေလွတ်မြေရိုင်း စိုက်ပျိုးမြေများစွာရှိပြီး ရာသီဥတု မျှတသည့်အတွက် ရေခံ၊ မြေခံ သဘာဝကောင်းများကို အခြေခံကာ ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ကြစေလိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် လက်ဖက်နှင့် ရော်ဘာတို့ကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ် ဖြစ်သည့် ပညာရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို တိုးတက်အောင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ စားသုံးဆီ ဖူလုံရေးနှင့် ပိုလျှံရေးတို့အတွက် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်းတို့အထိ လုပ်ဆောင်သွားကြရန်လိုကြောင်း၊ ရေခံမြေခံကောင်း ရရှိထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ဆီအိုးကြီး ဖြစ်လာစေရန် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်က မိုင်းရယ်မြို့နယ်အတွက် ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ဆေးပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ မန်လုံကျေးရွာအုပ်စု ဟိုယကျေးရွာသို့ ရောက်ရှိပြီး တောင်သူ ဦးဆန်းယုန်း၏ သီပွံ့(၁၂၁) မြေပဲ သုံးဧကစိုက်ခင်း၊ မြေပဲပင်များနှင့် ကြဲပက်သည့် ဓာတ်မြေသြဇာများကို ကြည့်ရှုပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က ယခုထက် ပိုမိုစိုက်ပျိုးရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ် မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ်သို့ ရောက်ရှိပြီး ကျောက်မဲမြို့နယ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ် မင်းအောင်လှိုင်သည် ကျောက်မဲတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး တပ်နယ်မိသားစုဝင်များအတွက် အားကစားပစ္စည်း၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ် မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မဲခရိုင် မိုးလုံလေလုံ အားကစားရုံသို့ ရောက်ရှိပြီး ကျောက်မဲခရိုင် အားကစားအသင်းများမှ အားကစားသမားများအား တွေ့ဆုံ အားပေးစကားပြောကြားကာ ခရိုင်အားကစားအသင်းများအတွက် အားကစားပစ္စည်းများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းထံ ပေးအပ်သည်။ (သတင်းစဉ်)

မဟာသိမ်တော်ကြီး၌ တရားတော်များဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၄

၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့် (ဩဂုတ် ၁၆ ရက်) ည ၇ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း မဟာဓမ္မိကာရုံ စာသင်တိုက် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏေသန မထေရ်မြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စန္ဒိမာပညာရည်ချွန် ဆုပေးပွဲအတွက် ငွေလှူ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အထက(၁)ရှိ စန္ဒိမာခန်းမ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော စန္ဒိမာပညာရည်ချွန်ဆု ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ရက်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင် ဦးအေးမြင့်-ဒေါ်ခင်သန္တာဝေ (လှသီတာစိန်ရွှေရတနာဆိုင်)မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ နာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဝင်းကြိုင်က လက်ခံရယူသည်။ ဆုပေးပွဲအတွက် လှူဒါန်းလိုသူများသည် ဒေါ်ခင်လှ ဖုန်း-၆၆၇၄၄၃၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးကျင်စိုး ဖုန်း-၇၁၀၁၅၅၊ ဒေါ်အေးအေးလှိုင် ဖုန်း-၆၆၆၇၅၇၊ ဦးအောင်ကြည် ဖုန်း-၅၇၃၂၆၈၊ ဒေါ်ကျင်ရွှေအုန်း ဖုန်း-၆၅၀၄၃၅၊ ဒေါ်ခင်မြ ဖုန်း- ၆၆၁၅၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဩဂုတ် ၁၄ ရက်က လှိုင်မြို့နယ် (၅)ရပ်ကွက် ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ သုံးထပ်ကျောင်းတော်ကြီး အတွက် ဟောင်ကောင်မြို့နေ သမီး ဒေါ်ခင်မျိုးအေးနှင့် ခမ္မမိတ်ဆွေတို့၏အလှူငွေ ကျပ်နှစ်သိန်းကို မိဘများဖြစ်ကြသော အေးရိပ်မွန် (၉)လမ်း တိုက်(၆)နေ ဦးခင်မောင်စန်း-ဒေါ်စန်းစန်းရီတို့က ဆရာတော် အရှင်ပဏ္ဍိစ္စ (နေပြည်တော်တပ်ကုန်း) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၅၄၃)

● အိုလံပစ်မှ

ထိုလက်ဆင့်ကမ်းပြိုင်ပွဲ မတိုင်မီ တစ်နာရီအလိုတွင် ဟက်သည် မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် မျက်မှန်ကျိုးသွားသော်လည်း ရှေ့ဆုံးမှ ပန်းဝင်ကာ ၁ မိနစ် ၅၂. ၀၃ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။

၎င်းသည် ဗုဒ္ဓဟူးနေ့က ရွှေတံဆိပ်သုံးခု မဆွတ်ခူးမီအချိန်တွင် အိုလံပစ် ချန်ပီယံဟောင်းများဖြစ်သည့် အိုလံပစ်ရွှေတံဆိပ်ကိုးခုပိုင်ရှင် အမေရိကန် ရေကူးသမား မတ်စပစ်၊ အမေရိကန် တာတိုအပြေးသမား ကားလ်လူးဝစ်၊ ဆိုဗီယက်နိုင်ငံဟောင်းမှ ကျွမ်းဘားကစားသမား ကရစ်ဘာလက်ကီနီနာနှင့် ဖင်လန် အပြေးသမား ပါဗိုနာမီတို့နှင့်အတူ ရှိနေသည်။ ***အင်တာနက်။***

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၇-၂၀၀၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းတို့ကို ဖတ်ကြားအတည်ပြုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရှုဖွယ်စုံလင် မြန်ပြည်တစ်ခွင် ဓာတ်ပုံပြပွဲ

သတင်းမှတ်တမ်း/ဓာတ်ပုံ - ထွန်းသန့်ဇင်(ကြေးမုံ)

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ကြီးမှူးကျင်းပသော ရှုဖွယ်စုံလင် မြန်ပြည်တစ်ခွင် ဓာတ်ပုံပြပွဲကို ဩဂုတ် ၁၅ ရက် (ယနေ့) မှစ၍ ဩဂုတ် ၁၇ ရက်အထိ သုံးရက်တိုင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဂရင်းမီးရထားဟိုတယ်ခန်းမ၌ ပြသသွားမည်ဖြစ်သည်။

ယခုဓာတ်ပုံပြပွဲမှာ သာမန်ပြုလုပ်နေကျ အနုပညာပြပွဲတစ်ခု သက်သက်မျှ မဟုတ်ဘဲ ကြီးမားမွန်မြတ်သည့် ရည်ရွယ်ချက် စိတ်စေတနာကို အရင်းတည်ကာ ဓာတ်ပုံအနုပညာရှင်များ စုပေါင်းကျင်းပသည့် ပွဲတစ်ပွဲဖြစ်သည်။ ဤကဲ့သို့ ထူးခြားသည့် ပွဲတစ်ပွဲ ဖြစ်လာရခြင်းမှာလည်း ဤပြပွဲ၏ ရည်ရွယ်ချက်ကြောင့်ပင် ဖြစ်သည်။

ရည်ရွယ်ချက်

အဆိုပါ ရည်ရွယ်ချက်မှာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း ဒေသအချို့၌ တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်ကြရသူများအား ကူညီဆောင်ရွက်ပေးနေသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအား ယခုပြပွဲမှရရှိမည့် ဝင်ငွေများကို လှူဒါန်းမည့် ရည်ရွယ်ချက်ပင်ဖြစ်သည်။

တစ်နည်းအားဖြင့် မုန်တိုင်းဒဏ်ခံ ပြည်သူများအကျိုးအတွက် တစ်ဖက်တစ်လမ်းမှ တတ်စွမ်းသမျှ ကူညီ လှူဒါန်းသည့် အစီအစဉ်လည်း ဖြစ်သည်။

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းသည် မိမိတို့တတ်စွမ်းသည့် အနုပညာဖြင့် ရန်ပုံငွေပြပွဲကို စီစဉ်ခင်းကျင်းကာ ရရှိငွေများအား လေဘေးဒဏ်သင့် ပြည်သူများအား ပံ့ပိုးလှူဒါန်းသွားမည်ဖြစ်ရာ ရည်ရွယ်ချက်မှာ မွန်မြတ်လှပေသည်။ ပြပွဲတွင် ဓာတ်ပုံအနုပညာရှင် ၅၀ကျော်တို့က ၎င်းတို့ကိုယ်တိုင် ရိုက်ကူးထားသည့် ရှုချင်စဖွယ် ဓာတ်ပုံပေါင်း ၂၀၀ ကျော်ကို ပြသရောင်းချသွားမည် ဖြစ်သည်။ ပြသမည့် ဓာတ်ပုံများမှာ မြန်မာနိုင်ငံ အနှံ့အပြား ဒေသအသီးသီးမှ ရှုခင်းရှုကွက် ရိုးရာဓလေ့စရိုက်များပါမကျန် အနုပညာလက်ရာမြောက်စွာဖြင့် ခံစားရိုက်ကူးခဲ့သည့် ပုံများဖြစ်ပေရာ ဓာတ်ပုံအနုပညာကို မြတ်နိုးခုံမင်သည့် ဝါသနာရှင်များ စိတ်ကြိုက်ခံစားနိုင်ကြမည့် ပွဲတစ်ပွဲလည်း ဖြစ်သည်။

ပထမဆုံးအကြိမ်ဖြစ်

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အနေဖြင့် ဤကဲ့သို့ ဓာတ်ပုံအနုပညာရှင် အရေအတွက်များစွာနှင့် ကဏ္ဍာစုံ၊ အရောင်အသွေးစုံ၊ ဓာတ်ပုံများကို အရေအတွက်များစွာ စုစည်းပြသသည့်ပွဲမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ဓာတ်ပုံအနုပညာရှင်များ၏ မွန်မြတ်သော စေတနာကို အသိအမှတ်ပြု ကြိုဆိုသည့်အနေဖြင့် ဂရင်းမီးရထားဟိုတယ်၊ CANON နှင့် KODAK ကုမ္ပဏီတို့အပြင် STAR EMPIRE Co., Ltd တို့ကလည်း ပြပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးပေးထားကြသည်ကို တွေ့ရသည်။

မွန်မြတ်သောစေတနာ

ရှုဖွယ်စုံလင် မြန်ပြည်တစ်ခွင် ဓာတ်ပုံပြပွဲကို ဂရင်းမီးရထားဟိုတယ်ခန်းမ၌ ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစ၍ ဖွင့်လှစ်ပြသ ရောင်းချသွားမည်ဖြစ်ရာ ဓာတ်ပုံအနုပညာရှင်များ၏ မွန်မြတ်သော စေတနာ အလှူပြပွဲသို့ လာရောက်ကြည့်ရှုအားပေးနိုင်ကြပါကြောင်းဖြင့် အသိပေး ရေးသားလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“အန္တရာယ်ကင်းပရိတ်ကြီး(၁၁)သုတ်အဋ္ဌုပ္ပတ္တိနှင့် ပါဠိတော်” (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၂၀ - ၂း၂၀	ကြည်ညိုဖူးမြော် ရှင်ပင်စက္ကိန်းတဲစေတီတော်
၈း၃၀ - ၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅ - ၂း၃၅	Art Vision (Ayeyawaddy Water Colour Art Exhibition)
၈း၅၅ - ၂း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅ - ၃း၀၅	International Video Topics (ပေကျင်းအိုလံပစ်အားကစားကွင်း တည်ဆောက်ခြင်း)
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	ကနက်သီရိကျေးရွာမှ မမေ့နိုင်သောနေ့ရက်များ
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၄၀ - ၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅ - ၄း၄၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးကိတ်နှင့် ကျောက်စိမ်းအုန်းနို့အချိုပွဲ)
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	ရဲရင့်သူတို့ရဲ့ ငြိမ်းအေးသောရင်ခွင်
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၀၅ - ၆း၀၅	Treasure From The Earth (အပိုင်း-၁)
၁၂း၃၀ - ၆း၃၀	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ရန်ကျော်-မေခလာတို့နှင့်တွေ့ဆုံခြင်း)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4(Live)

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ စီးပွား/ကူးသန်းနှင့် ပို့ဆောင်ရေးတို့ အနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၁၄

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (ဇ) အုပ်စုတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက စွမ်းအင်ဝန်ကြီးဌာနဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်းတွင် (ဇ)အုပ်စုတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက သစ်တောရေးရာဝန်ကြီးဌာန ဘောလုံးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

၁၅-၈-၂၀၀၈

(နေပြည်တော်ကွင်း)

(စ)အုပ်စု

လူမှုဝန်ထမ်းနှင့် ရှေ့နေချုပ်ရုံး

(ပေါင်းလောင်းကွင်း)

(စ)အုပ်စု

ကာကွယ်ရေးနှင့် သတ္တုတွင်း

(၁၀၇)

ပြည်နယ်နှင့်တိုင်းဘော်လီဘောပြိုင်ပွဲ

မန္တလေးတိုင်းအမျိုးသားနှင့် ရန်ကုန်တိုင်းအမျိုးသမီးဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၁၄

၂၀၀၈ခုနှစ်(၁၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၁ရက် နံနက်၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်း၊ ဒုတိယ မကွေးတိုင်းနှင့် တတိယ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့ ရရှိကြသည်။ ဆုများကို တပ်မတော်ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစောဝင်းသောင်၊ အဖွဲ့ချုပ်အကြံပေးအရာရှိ ဦးတင်မောင်အေး၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ဆုနှင့်ငွေသားများ ချီးမြှင့်သည်။

အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမ မန္တလေးတိုင်းအသင်း၊ဒုတိယ ရန်ကုန်တိုင်းအသင်း၊ တတိယ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့ ရရှိသည်။ ဆုများကို အား/ကာဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ အား/ကာဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ညွှန့်၊ အား/ကာသိပ္ပံ(ရန်ကုန်)ခေတ္တ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်တို့က ဆုနှင့် ငွေသားများ ချီးမြှင့်သည်။

ထို့နောက်မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက အကောင်းဆုံးအားကစားသမားဆုရ လှိုင်သဇင် (ရန်ကုန်တိုင်း)နှင့် နေလင်းအောင်(မန္တလေးတိုင်း)တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီးပြိုင်ပွဲတံခွန်စိုက်ဆုရ ရန်ကုန်တိုင်းအား လည်းကောင်း၊ **(အပေါ်ပုံ)** မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အား/ကာ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက အမျိုးသားပြိုင်ပွဲတံခွန်စိုက်ဆုရ မန္တလေးတိုင်းအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဩဂုတ် ၁၄

ယနေ့နံနက် ၉နာရီအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ ဒသမ ၁၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၆ ဒသမ ၇၇ လက်မ၊ ဂွမြို့တွင်၂ ဒသမ ၉၁ လက်မ၊ သံတွဲမြို့တွင်၂ ဒသမ ၄၈ လက်မ၊ဟသ်ာတမြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ရန်ကုန်(မြို့လယ်)တွင်၂ ဒသမ ၀၄ လက်မ၊ သာယာဝတီမြို့၊ ကသာမြို့နှင့် အောင်လံမြို့တို့တွင် ၁ ဒသမ ၅၇ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၁၅ရက် ညနေထိ ခန့်မှန်းချက်။ ။ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအတင့်အသင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ အများအားဖြင့် မုတ်သုံလေ အားကောင်းမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၈ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၃ဒီဂရီဖာရင်ဟိုက်) ၁၃-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)၁၄-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၁၄-၈-၂၀၀၈

နေပူသည့်နာရီပေါင်း ၁ ဒသမ ၇နာရီခန့် ၁၃-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၄-၈-၂၀၀၈	၁၆မမ (၀ဒသမ၆၃လက်မ)	၁၅မမ (၀ဒသမ၆၀လက်မ)	၅၂မမ (၂ဒသမ၀၄လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၈၇၁ မမ (၇၃ဒသမ၆၆လက်မ)	၂၁၀၁မမ (၈၂ဒသမ ၇၂လက်မ)	၂၅၁၇မမ (၉၉ဒသမ ၀၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၃-၈-၂၀၀၈ ရက် ၁၆း၃၀နာရီတွင် အနောက်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၄

ဩဂုတ် ၁၇ရက်မှ ဩဂုတ် ၂၂ ရက်ထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀၁ ပေခန့်မှ ၂၀ ဒသမ ၉၀ ပေခန့်အထိ ထူးကဲဒီရေတက်မည်ဖြစ်ကြောင်း၊ ယခင် ၂၀၀၆-၂၀၀၇ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ သိရှိရသည်။

(သတင်းစဉ်)

ပဲခူးမြစ်ရေနှင့် ရွှေကျင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

ပဲခူးမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၂၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၅စင်တီမီတာ (၀ ဒသမ ၅ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၀၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် အထက် ၅ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပေကျင်း အိုလံပစ်ပြိုင်ပွဲ သတင်းများ

အမျိုးသမီးအသင်းလိုက် ရွှေတံဆိပ်ဆု ဆွတ်ခူးသွားသည့် တရုတ်အမျိုးသမီးအသင်း အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

တရုတ်သမီးငယ်တို့ အိုလံပစ် ကျွမ်းဘားရွှေတံဆိပ် ဆွတ်ခူး

ပေကျင်း ဩဂုတ် ၁၄

ပေကျင်းအိုလံပစ် အားကစားပွဲတော် ဗုဒ္ဓဟူးနေ့ကကျင်းပသည့် ကျွမ်းဘားပြိုင်ပွဲ၌ တရုတ် အမျိုးသမီးအသင်းသည် ၎င်းတို့၏ ပထမဆုံး အိုလံပစ် ရွှေတံဆိပ်ကို ဆင်မြန်းနိုင်ခြင်းဖြင့် နှစ်ပေါင်း ၅၀ ကြာ မျှော်လင့်စောင့်စားခဲ့ကြရသော သမိုင်း၏ နေ့ကို ကမ္ပည်းတင်နိုင်ခဲ့သည်။

ပရိသတ်၏ အားပေးမှုကိုခံယူ၍ အသင်း၏ အဓိကအားထားရသူ ကျွမ်းဘားမယ်ချန်ဖေးသည် နောက်ဆုံးပြိုင်ပွဲ မြေပြင်လေ့ကျင့်ခန်းကို အမှားအယွင်းမရှိ ကစားသွားကာ ၁၅ ဒသမ ၆၅၀ မှတ် ရယူနိုင်ခဲ့ပြီး စုစုပေါင်း ၁၈၈ ဒသမ ၉၀၀ ဖြင့် ရွှေတံဆိပ်ရရှိခဲ့သည်။

အမေရိကန်အသင်းသည် စုစုပေါင်း ၁၈၆ ဒသမ ၅၂၅ မှတ်ဖြင့် ဒုတိယငွေတံဆိပ်ကိုလည်းကောင်း၊ လက်ရှိချန်ပီယံ ရိုမေးနီးယားက စုစုပေါင်း ၁၈၁ ဒသမ ၅၂၅ ဖြင့်လည်းကောင်း ကြေးတံဆိပ်ရရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၁)ဖက်ဒဲရား အဆင့်(၇)ဘလိတ်ကို ရှုံး

ပေကျင်း ဩဂုတ် ၁၄

ပေကျင်းအိုလံပစ်ပွဲတော် (၂၀၀၈) တွင် တင်းနစ်ပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ကမ္ဘာ့အဆင့်(၁) ရော်ဂျာဖက်ဒဲရား၏ အိုလံပစ်ချန်ပီယံရွှေတံဆိပ်ဆုမျှော်လင့်ချက်တို့ကို အဆင့်(၇)ရှိသူ ဂျိမ်းစ်ဘလိတ်က ဩဂုတ် ၁၄ရက်တွင် ချေဖျက်လိုက်ပြီဖြစ်သည်။

ဖက်ဒဲရားနှင့် ဘလိတ်တို့သည် ယခင်က ရှစ်ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ဖူးရာဘလိတ်က ဖက်ဒဲရားကို တစ်ကြိမ်မျှ အနိုင်မရခဲ့ဖူးပေ။ သို့သော် ယနေ့ပွဲတွင် ဘလိတ်က သက်သောင့်သက်သာကစားပြီး ၆-၄၊ ၇-၆ဖြင့် အနိုင်ယူလိုက်သည်။

ဘလိတ်က ပထမပွဲငယ်ကို ထိုက်ထိုက်တန်တန်အနိုင်ယူပြလိုက်သောအခါ အားပေးနေသောပရိသတ်ကြီးမှာ မင်တက်မိ၍ ငြိမ်ကျသွားသည်။

ဝီလျံတို့ညီအစ်မလည်း အရေးနိမ့်

ပေကျင်း ဩဂုတ် ၁၄

ပေကျင်းအိုလံပစ် ပွဲတော် (၂၀၀၈) တင်းနစ်ပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံနှင့် ဗီးနပ်ဝီလျံညီအစ်မနှစ်ဦးစလုံး အိုလံပစ် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ရေး မျှော်လင့်ချက်တို့သည် ယနေ့ ပျောက်ကွယ်သွားရပြီဖြစ်သည်။

တရုတ်မှ လီနာသည် သူမ၏ အိမ်ရှင်ပရိသတ်ရှေ့မှောက်တွင် အဆင့်(၇)ရှိ ဗီးနပ်ကို ၇-၅၊ ၇-၅ ဖြင့်လည်းကောင်း၊ ရုရှားမှ အီလီနာဒီမင်းတိုင်းဗာက ဆီရီနာကို ၃-၆၊ ၆-၄၊ ၆-၃ ဖြင့် အကြိတ်အနယ်ကစား၍ လည်းကောင်း အနိုင်ယူသွားကြသည်။

အင်တာနက်။

၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

(၁၄-၈-၂၀၀၈)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၂၂	၈	၅	၃၅
၂	အမေရိကန်	၁၀	၉	၁၅	၃၄
၃	ဂျာမနီ	၇	၂	၃	၁၂
၄	တောင်ကိုရီးယား	၆	၇	၃	၁၆
၅	အီတလီ	၆	၄	၃	၁၃
၆	ဩစတြေးလျ	၅	၄	၇	၁၆
၇	ဂျပန်	၅	၃	၃	၁၁
၈	ရုရှား	၃	၈	၃	၁၄
၉	ပြင်သစ်	၂	၇	၆	၁၅
၁၀	ဗြိတိန်	၂	၂	၃	၇

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကိစ္စအတွက် နိုင်ငံအားလုံး ဆောင်ရွက်ရန်လိုအပ်ဟု ဆီးရီးယားသမ္မတပြောကြား

ဒမတ်စကတ် ဩဂုတ် ၁၃

အရှေ့အလယ်ပိုင်း ဒေသတွင် ငြိမ်းချမ်းရေးရရှိရန် ကိစ္စအပေါ် သက်ဆိုင်သူများက အရေးတယူရှိရန် လိုအပ်ပြီး နိုင်ငံတကာ ကြိုးကြပ်မှုလည်း အရေးပါလှကြောင်း ဆီးရီးယား သမ္မတ အယ်လ်-အာဆတ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆွေးနွေး

ဥရောပပါလီမန်(အီးပီ)ဥက္ကဋ္ဌ ဟန်စဂေါ့ပိုတာရင်း ဆီးရီးယားသို့အလည်အပတ်လာရောက်စဉ် အာဆတ်နှင့် ဥရောပ-မြေထဲပင်လယ်ဒေသ ဆက်ဆံရေးကိစ္စ ဆွေးနွေးခဲ့ရာ အာဆတ်က ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်ဟု ဆာနာသတင်းဌာနက ထုတ်ပြန်သည်။

ဥရောပနှင့် မြေထဲပင်လယ်ဒေသ နိုင်ငံများ၏ ဆက်ဆံရေး တိုးမြှင့်ရန် ပြင်သစ်သမ္မတ၏ ကြိုးပမ်းမှုနှင့်နိုင်ငံအားလုံးက အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထူထောင်ရန် ကြိုးပမ်းမှု လိုအပ်ပုံကိစ္စများကို အဆိုပါ ဆွေးနွေးပွဲတွင် ထည့်သွင်းညှိနှိုင်းခဲ့ကြသည်။

ဌာနေပြန်

အရှေ့အလယ်ပိုင်း ပြဿနာတွင် ဥရောပက အရေးပါဆုံးကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန်နှင့် အာရပ်-အစ္စရေး ပဋိပက္ခ၏ သရုပ်မှန်ကို နားလည်သဘောပေါက်ပြီး အာရပ်တို့၏ အခွင့်အရေးနှင့် ဒုက္ခသည်များ ဌာနေပြန်နိုင်မည့်အခွင့်အရေးများကို မျှော်လင့်ထားသည်ဟု အာဆတ်က ထုတ်ဖော်ပြောကြားသည်။

အာဆတ်လက်အောက်တွင် ဆီးရီးယား၏မူဝါဒ မှန်ကန်ကြောင်း သက်သေပြရန်နှင့် အရှေ့အလယ်ပိုင်းဒေသတွင် ဆီးရီးယားမပါဘဲငြိမ်းချမ်းရေး မတည်ဆောက်နိုင်ဟု တစ်ကမ္ဘာလုံးက လက်ခံလာရေးကို သက်သေပြရန်လိုအပ်ကြောင်း ပိုတာရင်းက အာဆတ်နှင့်ဆွေးနွေးစဉ် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်တွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွား

မနီလာ ဩဂုတ် ၁၃

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ခွဲထွက်ရေးသမားနှင့် အစိုးရတပ်ဖွဲ့များအကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ရာ ဒေသခံ အရပ်သား ၁၃၀၀၀၀ ခန့်တို့သည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရ ကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

ယင်းမိုရိုအစ္စလာမ့်စ် ရှေးဦးလွတ်မြောက်ရေးတပ်ဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုဒေသ၏ ပြည်နယ်ခြောက်ခုတွင် ဒေသတွင်း ရွေးကောက်ပွဲများ ကျင်းပကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ထူထောင်ပေးမှုအပေါ် ကျေနပ်မှုမရှိဘဲ သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အဆိုပါအဖွဲ့အား ပြီးခဲ့သည့်လမှစတင်၍ ၎င်းတို့တပ်စွဲထားရာ နေရာများမှ ဆုတ်ခွာပေးရန် အစိုးရက သတိပေးသည်ကို လိုက်နာမှုမရှိသဖြင့် ကိုတာဘက်တိုပြည်နယ်မြောက်ပိုင်းရှိ ၎င်းတို့၏ အခြေစိုက်စခန်းများသို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ပွဲကြောင့် မင်ဒါနာအိုဒေသတွင်း ရွေးကောက်ပွဲကျင်းပမှုကို အနှောင့်အယှက်ဖြစ်စေမည်မဟုတ်ကြောင်းနှင့် အခြားဒေသများသို့ တိုက်ပွဲ ပျံ့နှံ့ရောက်ရှိမှု မရှိစေရန်အတွက် ကိုတာဘက်တိုဒေသရှိ အကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရန် မိမိတို့တွင် တပ်ဖွဲ့ဝင် အလုံအလောက်ရှိကြောင်း အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြည်သူ ၁၃၀၀၀၀ ခန့်မှာ ၎င်းတို့၏နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးသွားကြရပြီး တစ်ဝက်ကျော်မှာ ဒုက္ခသည်စခန်းများသို့ သွားရောက်နေထိုင်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်နိုင်ငံ ရာဂျန်ပူရာ အရပ်တွင် ရေဘေးဒုက္ခသည်များအတွက် ထောက်ပံ့ရေးပစ္စည်းများအား ရဟတ်ယာဉ်ဖြင့် ဖြန့်ဝေပေးနေသည်ကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စတန်ဘူလ်သင်္ဘောကျင်း၌ မတော်တဆမှုဖြစ်ပွား အလုပ်သမားသုံးဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရ

အင်ကာရာ ဩဂုတ် ၁၃

တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ အစ္စတန်ဘူလ်ရှိ တူဇလာသင်္ဘောကျင်းဇုန်တွင် ဩဂုတ် ၁၁ ရက်က မတော်တဆဖြစ်ပွားမှုကြောင့် အလုပ်သမားသုံးဦး သေဆုံးပြီး အခြား ၁၃ ဦးဒဏ်ရာရရှိကြောင်း အနာတိုလီယာသတင်းဌာနက ရေးသားဖော်ပြသည်။

ပြုတ်ကျ

ဂျီဆန်သင်္ဘောကျင်းတွင် သင်္ဘောတစ်စင်းမှ လှေတစ်စင်း ကြိုးပြေပြီး ပင်လယ်အတွင်းသို့ အလုပ်သမားများ ပြုတ်ကျခဲ့မှုကြောင့် သုံးဦး သေဆုံးပြီး အခြား ၁၃ ဦး ဒဏ်ရာရရှိကြောင်း ယင်းသတင်းဌာနက ဖော်ပြသည်။

အဆိုပါဖော်ပြချက်အရ တူဇလာသင်္ဘောကျင်းဇုန်၌ ၂၀၀၀ ပြည့်နှစ်မှစ၍ လုပ်ငန်းခွင်မတော်တဆမှုများ ဖြစ်ပွားခြင်းကြောင့် အလုပ်သမားစုစုပေါင်း ၆၁ ဦး အသက်ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်တောင်ပိုင်းတာကီပန်ရွာတွင် အစိုးရတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီ၌ မြေမြှုပ်ဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံး

တန်ဆီလီ(တူရကီ) ဩဂုတ် ၁၃

တူရကီနိုင်ငံ အရှေ့ပိုင်း အာဇန်ကန်ပြည်နယ်တွင် မြေမြှုပ်ဗုံးပေါက်ကွဲမှုကြောင့် တူရကီတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးကြောင်း တနင်္လာနေ့တွင် စစ်ဘက်သတင်းများက ဖော်ပြသည်။

ကမ်မက်ချ်ခရိုင်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ၌ တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း စစ်ဘက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ဖြစ်ပွားရခြင်း အကြောင်းရင်းကို အသေးစိတ်ဖော်ပြခြင်းမရှိချေ။

တူရကီတပ်ဖွဲ့များကို တိုက်ခိုက်ရာတွင် ကာဒစ်ပြောက်ကျားများက မကြာခဏ မြေမြှုပ်ဗုံးများ အသုံးပြုလျက်ရှိသည်။

တူရကီနိုင်ငံ အရှေ့တောင်ဘက်၌ ကာဒစ်နယ်မြေ ထူထောင်ရန် ရည်ရွယ်ပြီး ၁၉၈၄ ခုနှစ်တွင် ကာဒစ်စတန် အလုပ်သမားပါတီ (ပီကေကေ) ခွဲထွက်ရေးသမားများက တူရကီအစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများ ဖြစ်ပွားခြင်းကြောင့် လူ ၄၀၀၀၀ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။***အမ်အင်အေ၊ရိုက်တာ။***

ဂျာမနီတွင် နာဇီလူငယ်စခန်းကို စီးနင်း

ရှော့စတော့ခ်(ဂျာမနီ)ဩဂုတ်၁၃

ဂျာမနီနိုင်ငံမြောက်ပိုင်း ရှော့စတော့ခ်မြို့အနီးတွင် တည်ထောင်ထားသော နာဇီလက်သစ်များ၏ လူငယ်စခန်းကို ရဲတပ်ဖွဲ့က ဖြိုခွင်းလိုက်သည်။

ထိုစခန်းတွင် လူငယ် ၃၉ ဦးတို့ သင်တန်းတက်လျက်ရှိကြသည်။ ယခုအခါ ထိုလူငယ်များမှာ နေအိမ်အသီးသီးသို့ ပြန်သွားကြပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နာဇီလက်သစ်များသည် မျက်မှောက်ကာလတွင်အကြမ်းဖက်သည့်နည်းနာများကို တိုး၍ သုံးစွဲလာလျက်ရှိသည်ဟု ရဲထောက်လှမ်းရေး အကြီးအကဲက ပြောကြားသည်။

လက်ယာယိမ်းသော အုပ်စုသည် ရှို့မီးဖန်တီးသည့် လုပ်ရပ်များကို ကျင့်သုံးလာသည်ဟုဆိုသည်။ ၂၀၀၈ ခုနှစ်၏ ပထမ ငါးလတာကာလအတွင်း မီးရှို့မှုပေါင်း ၁၅ မှု ဖြစ်ပွားခဲ့သည်။ ထိုအရေအတွက်သည် ယခင်နှစ်အလားတူ အချိန်ကထက် မီးရှို့မှု ငါးဆ ပိုမိုများပြားလာသည်ကို ဖော်ပြသည်ဟုဆိုသည်။

အင်တာနက်။

ဂါဇာကို အစ္စရေးတို့ စစ်ဆင်သည့်တိုင်အောင် ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကို ရပ်ဆိုင်းအောင်မလုပ်နိုင်

ဂျေရုဆလင် ဩဂုတ် ၁၃

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့အနေဖြင့် အကြီးစားစစ်ဆင်မှုများ ပြုလုပ်ခဲ့သည့်တိုင်အောင် ဟားမတ်စ်တို့ ကြီးစိုးထားသော ထိုဒေသမှ အစ္စရေးနယ်တွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်နေသည့် ဖြစ်ရပ်များကို ရပ်ဆိုင်းသွားအောင် မဆောင်ရွက်နိုင်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

သို့ရာတွင် အီဂျစ်နိုင်ငံက ဂါဇာအပစ်အခတ်ရပ်စဲရေးကိစ္စကို ကြားဝင်ဆောင်ရွက်ပေးရာ ယင်းအပစ်အခတ် ရပ်စဲရေးသည် ဇွန်လတွင် အကောင်အထည်ပေါ်လာခဲ့သည်ဟု ဘာရက်က ရုပ်သံချယ်နယ် ၁၀ နှင့် တွေ့ဆုံမေးမြန်းရာ၌ ပြောကြားသွားသည်။ ထိုအပစ်အခတ်ရပ်စဲရေးမှာ နှစ်ပေါက်အောင် တည်မြဲနေမည်ဟုလည်း မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်တွင် ရေကြီး၍ ၁၁၂ ဦးသေဆုံး၊ မိုးပိုလာနိုင်ဟုခန့်မှန်း

ဟနွိုင်း ဩဂုတ် ၁၃

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုနှင့်မြေပြိုကျမှုများ ဖြစ်ပွားသည့်အတွက်ကြောင့် လူများ အစုလိုက်အပြုံလိုက် သေကြရပြီး ဒေသတွင်းနေထိုင်သူ ဒုက္ခသည်များအတွက် စစ်ရဟတ်ယာဉ်ဖြင့် ခေါက်ဆွဲခြောက်နှင့် သောက်ရေသန့်များကို ပေးပို့ခဲ့သည်။ ထို့ပြင် လာမည့်အင်္ဂါနေ့အထိ မိုးပိုမိုလာနိုင်ကြောင်း ခန့်မှန်းထားသည်ဟု ဆိုသည်။

အပူပိုင်းမုန်တိုင်း အကြွင်းအကျန်များကြောင့် ရက်အတန်ကြာ မိုးသည်းထန်ခဲ့ရာ ရေကြီးမှုများ ဖြစ်ပွားပြီး အနည်းဆုံး ၁၁၂ ဦး သေဆုံးခဲ့သည်။ ထို့ပြင် နောက်ထပ် ၄၅ ဦးလည်း ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဩဂုတ် ၁၂ ရက်တွင် ပြောကြားသွားသည်။

အဆိုပါရေကြီးမှုကြောင့်ဗီယက်နမ်နိုင်ငံမြောက်ပိုင်း လာအိုကိုင်ပြည်နယ်နှင့် ရန်ဘိုင်ပြည်နယ်ရှိ နေထိုင်သူများထံသို့ ရဟတ်ယာဉ်ဖြင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နေမှုကို ရုပ်မြင်သံကြား၌ ပြသသွားသည်။ ထို့ပြင် ရေကြီးမှုကြောင့် လမ်းအများစုမှာ ပျက်စီးသွားကြောင်း သိရသည်။

တပ်ဖွဲ့ဝင်ပေါင်း ၁၁၀၀ ကျော်မှာ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ပြိုကျနေသော ကျောက်တုံးများကို လှန်၍ လူသေအလောင်းများကို ရှာဖွေနေပုံကိုလည်း ဗီယက်နမ်နိုင်ငံပိုင် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသသွားသည်။ ထိုသို့ ရှာဖွေရာတွင် အနံ့ခံခွေးများကိုလည်း အသုံးပြုခဲ့ကြောင်း သိရသည်။

ထိုရေကြီးမှု ဖြစ်ပွားရာဒေသမှာ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိ စပါးနှင့် ကော်ဖီအဓိကစိုက်ပျိုးသည့် ဒေသမှ ကီလိုမီတာ၁၅၀၀ခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။ ***အင်တာနက်။***

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ **BBC** ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းရယ်မြို့နယ်နှင့် ကျောက်မဲမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်အတူ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် မိုင်းရယ်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး တပ်နယ်မိသားစုဝင်များအတွက် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ ပြည်ထောင်စုလမ်းရှိ ပေါ်စန့် မြေပဲဆီကြိတ်စက်သို့ရောက်ရှိပြီး ကြိတ်စက်အတွင်း စပါးခွံ အသုံးပြု မီးစက်ဖြင့် မြေပဲဆီထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ပြီး မြေပဲဆီများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

မီတာ ၂၀၀ အမျိုးသား လိပ်ပြာကူးပြိုင်ပွဲ အနိုင်ရရှိကြောင်း ကြေညာစဉ်က မိုက်ကယ်ဖဲလ်ပ်စ် အောင်ပွဲခံနေစဉ်။ (အင်တာနက်)



အိုလံပစ်သမိုင်း၌ ရွှေ ၁၁ ဆုဖြင့် စံချိန်တင်သူထွက်ပေါ်

ပေကျင်း ဩဂုတ် ၁၃

ပေကျင်း အိုလံပစ်အားကစားပွဲတော်ကြီးတွင် အမေရိကန်မှ ရေကူးအားကစားသမား မိုက်ကယ်ဖဲလ်ပ်စ်သည် ရွှေတံဆိပ် ငါးခုဆွတ်ခူးပြီး ယခင် ရရှိပြီး ရွှေတံဆိပ်များနှင့်ပေါင်းလျှင် အိုလံပစ်ရွှေတံဆိပ် စုစုပေါင်း ၁၁ ဆုပြည့်ကာ အိုလံပစ်သမိုင်းတွင် အအောင်မြင်ဆုံး အားကစားသမားဖြစ်လာသည်။

"အခုဆိုရင် ကျွန်တော်ဟာ အိုလံပစ်ပြိုင်ပွဲသမိုင်းမှာ ရွှေတံဆိပ်အများဆုံးရတဲ့သူ ဖြစ်လာပါပြီ။ ကျွန်တော် ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ"ဟု ဗုဒ္ဓဟူးနေ့က မီတာ ၂၀၀ အလွတ်ကူး ပြိုင်ပွဲမှ ရွှေတံဆိပ် လက်ခံရယူပြီးနောက် မိုက်ကယ်ဖဲလ်ပ်စ်က ပြောခဲ့သည်။

အမေရိကန် လေးဦးအဖွဲ့ (ဖဲလ်ပ်စ်၊ ဂိုရန်လော့တဲ၊ ရစ်ကီဘာရင်နှင့် ပီတာဗန်ကာကေး)သည် ယခင် ၎င်းတို့တင်ထားသော စံချိန် ၆ မိနစ် ၅၈.၅၆ စက္ကန့်ကို ၆ မိနစ် ၅၄.၆၈ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ် တင်ခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မင်းအောင်လှိုင် မိုင်းရယ်မြို့နယ်ရှိ ပေါ်စန့် မြေပဲဆီကြိတ်စက်တွင် စပါးခွံ အသုံးပြု မီးစက်ဖြင့် မြေပဲဆီ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)